ပြန်လွှန်တော်မူသော

ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရား၏

ရှစ်ရက်ဟောစဉ်မှ အကျဉ်းမှတ်သားစီစဉ်ထားသော

# ဝိပဿနာ - အလုပ်–မှတ်တမ်း။


မှတ်တမ်းရေးသားသူ

အငြိမ်းစားဝန်ထောက်မင်း

**ဦးမိုးဆိုင်**


☆


တည်းဖြတ်သူ

ဦးတိလောကဥာဏ

ရန်ကုန်မြို့။

ဦးထွန်းဝင်း-ဒေါ်အောင်ကြွမြ။

နှင့်

သားများကောင်းမှု

အုပ်ရေ (၅၀၀)

# ကျမ်းပလွှင့်

ဤမှတ်တမ်းစာစောင်သည် ပုဂ္ဂိုလ် တဦးတည်း ကြည့်ရှုသုံးသပ်ရန်အတွက် ဒိုင်ယာယီသဘော မှတ်ယူ ရေးသား ထားသော စာစောင်မျှဖြစ်ခဲ့သည်။ ပုံနှိပ်ရန်ကို မူလက စဉ်းစားချက်မရှိချေ။ ထိုရည်ရွယ်ရင်းအတိုင်း မှတ်တမ်းရှင်သည်သာ သုံးသပ်နေခိုက်၊ ထို မှတ်တမ်းရှိကြောင်းအဆင့်ဆင့်ငါးယူနေကြ၏၊

ဖတ်ရသူတိုင်းကလည်း စာမူတခုစီလိုချင်လာကြ၏။ ကူးယူလိုသူတွေများလာသဖြင့်၊ ကူးယူမှုလွယ်ကူရန် ပုံနှိပ်ဝေယူဘို့တဆင့်တိုးပြီး အကြံပေးကြပြန်၏။ ဓမ္မဒါနရှင်တွေကလည်း ပေါ်လာကြ၏။ ထိုအချက်များကြောင့် ပုံနှိပ်ဝေယူရန် အတည် ပြုလိုက်ကြတော့၏။

## ဝေဘန်တင်ပြချက်

ဤစာစောင်ကို ပုံနှိပ်လျှင်၊သင့်လျော်အောင်ပြင်ဆင်ဖြည့်စွက်၍ ပုံနှိပ်သင့်ကြောင်းနှင့် မှတ်တမ်းတင်ထားသောစာများသည် ဝိပဿနာလုပ်ငန်းတွင် ချွတ်ချော်မှုများပါမပါ ဝေဘန်ရန်တရားညွှန်ပြနေသော ဆရာတော် ၂-ပါးသို့ တင်ပြဘို့တရားမှန်လိုလားသူတစုက သဘောတူညီတင်ပြခဲ့လေသည်။

# စိစစ်ချက်

တင်ပြချက်အရ အောက်ဖော်ပြပါ မိမိသည် စီစစ်သောအခါ၊ ဤစာစောင်ပါ သဘောတရားတို့ကို ဟောညွှန်သူ- **မင်းကွန်းဆရာတော် အရှင်ဝိသုဒ္ဓ** ဟောကြားညွှန်ပြသော ဒေသနာများ၏ လိုရင်းဆိုင်ရာများပါဝင်နေခြင်း, အသုံးအနှုန်းများမှတပါး၊ တရားတော်၌ထိခိုက်ခြင်းများမတွေ့ရခြင်းများကြောင့်၊ဝိပဿနာဉာဏ်နှင့် တကွ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်၏ အရသာတို့ကို တောင့်တအားကိုးနေကြသော ဝိပဿနာမာမက, ပဋိပတ္တိ သာသနုဂ္ဂဟ လူထုအတွက်၊ (ဝါ)ပုဂ္ဂိုလ်စုံအတွက်၊ လျော်ကန်သောမှတ်တမ်း စာစောင်ဟု ယူဆကာ ထုတ်ဝေခွင့်ကို သဘောတူလိုက်ပေကြောင်း။

**ဦးတိလောကဉာဏ**၊
**ပဋိပတ္တိသာသနုဂ္ဂဟလမ်းပြ**
**၁၃၁၇-ခု၊ တပေါင်းလပြည့်ကျော် (၄) ရက်။**

# နိဒါန်း

၁၃၁၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ တနင်္ဂနွေနေ့ ညကစ၍၊ လပြည့်ကျော်(၇)ရက်နေ့ညအထိ၊ရှစ်ညတိုင်တိုင် ရွှေတိဂုံစေတီတော် မြတ်ကြီး၏ တနင်းလာဒေါင့် ရေကြည်တော် ဝတ်အသင်း၏ တည်ရာဌာန၊ ဒေါ်လှဗျော်တန်ဆောင်းကြီးတွင် ဘဏ္ဍာတော်ထိန်း လူကြီးမင်း စက်သူဌေး ဆာဦးသွင်၊ ရေကြည်တော်ဝတ်အသင်းအကျိုးတော်ဆောင်ချုပ် ဦးဘလှနှင့်၊ဆရာခင်သားများကုမ္ပဏီ ဦးသက်တင်၊ ဦးဘသင်၊ ဘဏ္ဍာတော်ထိန်းလူကြီး သူဌေးဦးမြင့်၊ ဘဏ္ဍာရေးဝန်ကြီး ဆာ့ထွန်းအောင်ကျော် စသော လူကြီးမင်းများ၏တောင်းပန်ချက်အရ၊ အင်းစိန်မြို့- မင်းကွန်း ဇေတဝန်ဆရာတော် **ဦး ဝိသုဒ္ဓ** အရှင်မြတ်သည် ကမ္ဘာတခုလုံးသို့ အသံလွှင့်ဟောကြားဆုံးမအပ်သော **ဝိ ပ သ နာ အ လု ပ်** တရားတော်ကိုနာယူမှတ်သားမိသလောက် အကျဉ်းချုံး၍ မှတ်တမ်းတခု အ ဖြစ် ဖြင့် ရေးသားပေအံ့။

ယခုကျွန်တော် ရေးသားသော ဟောစဉ်မှတ်တမ်းတရားတွင် အချို့သောနေရာများ၌ ရှေးရှေးက ကျွန်တော်လေ့လာမှတ်သားခဲ့ဘူးသော လယ်တီ,ဒိပဲရင်း,မြဝတီ, မိုးညှင်းစသော ဆရာတော်အရှင်မြတ်များ၏ လင်္ကာ သံပေါက်ကလေးများကို အလျဉ်းသင့်ရာများ၌ ဖြည့်စွက်ကြားညှပ်၍လည်း ထည့်ထားပါသည်၊ ဟောစဉ်စကားသုံးများမှာလည်း စာရေးထုံးသို့မလိုက်ဘဲ စကားပြောတဲ့အတိုင်းသာ ရေးထားပါသည်၊ ဤသို့ရေးသားခြင်းဖြင့် ဤဟောစဉ်ကို ဘတ်ရှုကြသည့်အခါ၊ လွယ်ကူစွာ နားလည် စေရန်နှင့် ထိုင်ရာမထ ဉာဏ်အမြင်သန်ကြစေရန် ရည်သန်၍ ရေးသားခြင်း ဖြစ်ပါသောကြောင့်

စကားသုံးအတွက် အပြစ်တင်ခြင်းမှ ခွင့်လွှတ်ရန် တောင်းပန်ပါကြောင်း။

အကျဉ်းမှတ်တမ်းရေးသူ
ဦးစိုးဆိုင်
၁၀၃-ဘုရားလမ်း၊ ရန်ကုန်မြို့။

# မင်းကျွန်း
# ဝိပဿနာ အလုပ်မှတ်တမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## လူ့အကြောက်ဆုံးရန်သူ။

လူအားလုံးတို့ အကြောက်ဆုံး ရန်သူဟာ ဘယ်သူလဲ သေမှုဆိုတဲ့သေမင်းဘဲ၊ အဲဒီသေမင်းဆိုတဲ့ ရန်သူကို လူတိုင်းလူတိုင်းပင် ကြောက်ကြတယ်၊ ဒီလို ကြောက်ကြလို့ကော သေတော့ မသေရဘူးတဲ့လား၊ ငွေလို့မရ, ရွှေလို့မရ, ပုန်းလို့မရ အားလုံးပင် တယောက် မကျန် တနေ့နေ့မှာ သေကြရမှာ ချည်းဘဲ၊ ဒီတော့ သေသေချာချာ စဉ်းစားကြည့်ရင်ဒီသေခြင်းဆိုတာဟာ အကြောင်း မရှိဘဲ သေရတာမဟုတ်ဘူး၊ အဲဒီသေခြင်းရဲ့ အကြောင်းရှိလို့သာ သေကြရတာဘဲ၊ ဒီလိုစဉ်းစားဉာဏ် ပေါ်လာတော့ အဲဒီသေခြင်းရဲ့ အကြောင်းဆိုတဲ့ မူလတရားခံကိုရှာကြံစီစစ်ဘို့ မလိုကြပေဘူးလား။

## သေခြင်းအကြောင်းရှာခန်း

ကဲ ...စိစစ်ရှာဖွေကြစို့၊ မြတ်စွာဘုရား ဟောထားတော်မူတဲ့ တရားထဲမှာ "မရဏ" ဆိုတာ သေခြင်းဘဲတဲ့၊ အဲဒီ မရဏတရားဟာ ဘာ့ကြောင့် ဖြစ်လာရသလဲဆိုရင် "ဇာတိ" ဆိုတဲ့ တရားခံရှိလို့တဲ့

"ဇာတိ"ဆိုတဲ့ ဘဝတခု၏ ဖြစ်မှုအစဟာ ဘာကြောင့် ပေါ်လာရသလဲလို့ စိစစ်ပြန်တော့ မရ-ရအောင် ကြံဆောင်အားထုတ်မှုဆိုတဲ့ "ကမ္မဘဝ" ကြောင့်တဲ့၊ အဲဒီလို ပဋိစ္စသမုပ္ပါဒ် တရားနှင့် ပဋိလုံ နောက်ပြန် စစ်ဆေး ရှာကြံကြည့်တော့ "ဘဝ"ဆိုတဲ့ ကြံဆောင် အားထုတ်မှုဟာလဲ "ဥပါဒါန်" ဆိုတဲ့ စွဲလန်းမှု အားကြီး ခြင်း ကြောင့်ဘဲ၊ ထိုစွဲလန်းမှုဟာ ဘာကြောင့်လဲလို့ တဖန် ပြန်ကြည့် ပြန်တော့ သာယာမှုဆိုတဲ့ "တဏှာ" လောဘကြောင့်ဘဲ။

အဲဒီလိုချည်း နောက်ပြန် စစ်ဆေးကြည့်တဲ့အခါ နောက်ဆုံး မှာ "အဝိဇ္ဇာ"ဆိုတဲ့ တရားခံအစစ်ကို တွေ့ရောမဟုတ်လား၊ အဲဒီ တရားခံဖြစ်တဲ့ အဝိဇ္ဇာဟာ (ဝါ) မသိမှုဟာ သေကြရဘို့ရဲ့ အကြောင်းရင်းဘဲ၊ (ဝါ) သေးဆေးဘဲတဲ့။

။**မှတ်ချက်**။ အဝိဇ္ဇာဆိုတဲ့ စကားဟာ ပါဠိစကား မြန်မာ လိုတော့ မသိမှုခေါ်တယ်၊ သံသရာဝဋ္ဋဒုက္ခ ဝဲသြဃထဲမှာ တဝဲ လယ်လယ်နေကြရခြင်းဟာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စက်ရဟတ်မပြတ်လို့၊ ဒီလို မပြတ်ထာဟာလဲ အဝိဇ္ဇာဆိုတဲ့ မသိမှုကြောင့်ဘဲ။

ဘာကို မသိမှုလဲလို့ဆိုလျှင်၊ ဥပမာ-- ထိုင်နေစဉ် အခိုက် အတန့်မှာ ထိုင်တယ်- ထိုင်တယ်လို့ သိ,သိနေအောင် သတိရှေ့ ဆောင်၍ မမှတ်ဘဲ ထိုင်နေတဲ့အတွက် ဘာမှသိမှုမရှိ၊ ဒီလိုမသိနေတဲ့ အခိုက်အတန့်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ မီး ၃-ပါး အနက်၊ မီးတပါးပါး ဖြစ်မနေပေဘူးလား၊ ဟော- ယခု ဆရာတော် ဘုရား ညွှန်ပြတဲ့ တရားတော်အရ၊ ဣရိယာပုထ်တိုင်းမှာ သတိမလွှတ်

ဝိပဿနာ မလွတ်တဲ့အလုပ်နဲ့ မကင်းဘဲနေလေ့ရှိတဲ့ အကျင့်ဖြစ်နေအောင် သတိကို အထူးယှဉ်တွဲ၍၊ (ဝါ) သိသိနေအောင်မှတ်။

ဒီလို မှတ်နေတော့မယ်လို့ ကြိုးစားအားထုတ်ပါမူ၊ ထိုင်တာကိုလဲ ထိုင်တယ်၊ ထိုင်တယ်လို့ သိသိနေမယ်၊ ထတာ၊ စားတာ၊ သွားတာစတဲ့ နေရာတိုင်းမှာ သိသိနေမယ်ဆိုရင်၊ ခုနကပြောခဲ့တဲ့ မီး ၃-မီး ဖြစ်ခွင့်ရပါဦးမလား၊ မဖြစ်ဘူးပေါ့၊ အဲဒီလို ထိုင်တာကို ထိုင်တယ်၊ထိုင်တယ်လို့ သိအောင် မလုပ်လျှင်၊ ထ,တာကိုလဲ ဤနည်းတူစွာ သိအောင်မလုပ်လျှင်၊ ဟောဒီ မသိမှုဆိုတဲ့ "အဝိဇ္ဇာ" နှင့် နှစ်သက်မှုဆိုတဲ့ တဏှာတရားတွေနဲ့ အမြဲတွဲတွဲနေမယ်၊ ဒီလိုတွဲတွဲနေတာဟာလဲ မသိမှုဆိုတဲ့ အဝိဇ္ဇာကြောင့်ဘဲ၊ ကဲ—မသိမှုအရ အဝိဇ္ဇာဆိုတာ တွေ့ကြပြီမဟုတ်လား။

ထို့ပြင် တရားမှန်ကို တရားမှန်ရယ်လို့ မသိမှု၊ အမှားကို ပဲ အမှားဘဲလို့မသိမှု၊ အမှန်ကိုအမှား၊ အမှားကိုအမှန်၊ ပြောင်းပြန်လှန်၍သိမှု၊ရုပ်,နာမ်, ခန္ဓာ, အာယတန, ဓါတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ် စ၍ သူ့နေရာနှင့်သူ မသိမှု အစ ရှိသည်ဖြင့်၊ မသိမှု တွေဘဲတဲ့။ ဘယ်ဒင်းမဆို အကြောင်းနဲ့အကျိုး ကင်း၍ ဖြစ်တယ်လို့မရှိဘူးတဲ့၊ အဲဒါကြောင့် သေခြင်းရဲ့ အကြောင်းရင်းဟာ ပဋိစ္စသမုပ္ပါဒ် တရားစက်ကို ပြောင်းပြန်လှန်ကြည့်လိုက်တော့ အဝိဇ္ဇာဆိုတဲ့ မသိမှုအပေါ်မှာတာဝန်ကျတာကို တွေ့ကြပြီမဟုတ်လား။

## အကြောင်းအကျိုးစပ်ချက်။

သည်တော့မသိမှုဟာအကြောင်း၊သေရမှုဟာအကျိုးတရားဘဲ၊ မသိမှု "အဝိဇ္ဇာ"ဟာ ဘယ်လိုအကြောင်းမျိုးထဲကလဲ စပ်လိုက်တော့ အတိတ်အကြောင်းဘဲ၊ အဲဒီခေါင်းဆောင် အဝိဇ္ဇာကြီးက အရင်းခံ လိုက်တော့၊ တဏှာ,ဥပါဒါန်ဆိုတဲ့ တပ်နှစ်သက်မှု၊ စွဲလန်းမှု၊ အားထုတ်မှုတွေဖြစ်ပေါ်လာပါရော၊ ထိုတဏှာဆိုတဲ့ သာယာမှု၊ ကိုယ်ပိုင်လုပ်ချင်မှု၊ လိုချင်မှု၊ ရချင်ယူချင်မှု၊အလွန်ခင်မင်တောင့်တမှုတွေဟာ ပစ္စုပ္ပန်ဖြစ်တဲ့ အကြောင်းတဏှာဘဲ။

အဲ့ဒီ မသိမှု တွေဟာ သေဆေးတွေဘဲ၊ သေရမှာတော့ ကြောက်တယ်၊ သေဆေးဖြစ်တဲ့ မသိမှုတွေကိုတော့ သုံးစွဲနေတယ်၊ လက်ကိုင်ထားနေတယ် ဆိုလျှင် နေ့ရှိသမျှ သေဆေးတွေကို နင်းကန်စားနေတာနဲ့ မတူပေဘူးလား၊ ကြောက်ရာလဲ မရောက်တော့ဘူးပေါ့၊ ဒီတော့ကြောက်ရင် မသိမှုတွေကို ပပျောက်သွားအောင် သိမှုတွေဝင်လာအောင် လုပ်ဘို့လိုပေတယ်။

## ဆောင်ပုဒ်

(က) သံသရာကို၊ တိုစေလို၊ သူ့ကိုသတ်ကြပါ။
(ခ) သူ့ကိုမဖြတ်၊ ရမ်း၍သတ်၊ မပြတ်သံသရာ။

ဆိုတဲ့ လင်္ကာသံပေါက်ကို တကယ်သတ်ပစ်ရမဲ့ တရားခံအစစ်ကို ရှာကြံစစ်ဆေး၍ နှိပ်ကွပ်ရသလို မသိမှုတရားကို တခါထဲပပျောက်

စေပြီး၊ ထိုနေရာမှာသိမှုတရား ပေါ်လာအောင် လုပ်ဘို့လိုတယ်။

လောက ဥပမာ အားဖြင့်၊ အမှောင်ရှိလျှင် အမှောင်၏ ဆန့်ကျင်ဘက်ဆိုတဲ့ အလင်းရှိရမယ်ဆိုသလို၊ အဆိုးရှိလျှင် အဆိုး၏ ဆန့်ကျင်ဘက် အကောင်းရှိရမယ်၊ မသိမှုရဲ့ ဆန့်ကျင်ဘက် သိမှု သဘောလဲရှိရမယ် မဟုတ်လား။

သိမှုဆိုတာဘာလဲ၊ ပါဠိလို "ဝိဇ္ဇာ" ဉာဏ်ဘဲ၊ ဗမာလိုတော့ သိမှုတဲ့၊ ခုဒင်ကပြောခဲ့တဲ့ မသိမှုတွေ ပျောက်အောင် လုပ်ဘို့ဟာ ကျွန်တော်တို့မြတ်စွာဘုရားကဆေးကောင်းတခုပေးခဲ့တယ်၊ "အနာ-နှင့်ဆေး-ကိုက်အောင်ပေး၊ပျောက်ရေးမခက်ပါ"တဲ့၊ ဘယ်ဆေးလဲဆို တော့၊ မသိမှုအဝိဇ္ဇာ အနာကြီးပျောက်အောင် လုပ်ရမဲ့ဆေးဟာ မဂ္ဂင်ရှစ်ပါး တရားဆိုတဲ့ ဆေးပါဘဲတဲ့။

## မဂ္ဂင်ရှစ်ပါးဆိုတာ သိပြီးဖြစ်ကြတဲ့

| | | |
|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ၊ | အမှန်မြင်မှု။ |
| ၂။ | သမ္မာသင်္ကပ္ပ၊ | အမှန်ကြံမှု။ |
| ၃။ | သမ္မာဝါစာ၊ | အမှန်ဆိုမှု။ |
| ၄။ | သမ္မာကမ္မန္တ၊ | အမှန်ပြုမှု။ |
| ၅။ | သမ္မာအာဇီဝ၊ | အမှန်အသက်မွေးမှု။ |
| ၆။ | သမ္မာဝါယမ၊ | အမှန်အားထုတ်မှု။ |
| ၇။ | သမ္မာသတိ၊ | အမှန်အောက်မေ့မှု။ |
| ၈။ | သမ္မာသမာဓိ၊ | အမှန်တည်ကြည်မှုတို့ဘဲ။ |

## မဂ္ဂင်အကျဉ်းချုပ်ချက်။

အဲဒီ မဂ္ဂင်ဆေးရှစ်ခွက်ကို ဆေးနဲ့နဲ့ သောက်ချင်သူတို့ အဘို့ ဆေးခွက် အကျဉ်းချုပ်ပြန်လျှင်၊ သုံးခွက်သာ ဖြစ်ပါတယ်၊ အဲဒီ သုံးခွက်ဟာဘာလဲဆိုရင်၊ အဓိသီလ၊အဓိစိတ္တ၊အဓိပညာဆိုတဲ့ သိက္ခာ သုံးပါးထဲပါဘဲ၊ သီလ, သမာဓိ, ပညာ, လို့လဲ လွယ်အောင် ခေါ်နိုင် ပါတယ်။

သည်ထက်နဲအောင် ချုံးလိုက်ပြန်ရင်လဲ၊ သမထနဲ့ ဝိပဿနာ ဟု ၂ ပါးသာရှိပါတော့တယ်၊ တခါ ဒါထက် တိုးပြီး ချုံးချပြန်ရင်လဲ "သိမှု" တခုထဲ ရပါတော့တယ်။

## အသိ, အလိမ္မာ, ဉာဏ်ပညာ, ဝိဇ္ဇာ, အမောဟ

ဆိုတဲ့ တရားအစုဟာလဲ၊ စင်စစ်တော့ အဝိဇ္ဇာရဲ့ ဆန့်ကျင် ဘက်ဖြစ်တဲ့ ဝိဇ္ဇာဉာဏ် တခုပါဘဲ။

အဲဒီ ဖော်ပြခဲ့တဲ့ ဘုရားရှင်၏ "သိမှု" ဆေးတော်ကြီးကို သုံးစွဲကြပါလျှင်၊ သေခြင်းမှကင်းကြရမယ်တဲ့၊ သေခြင်းကင်းလိုတဲ့ သူတွေ အဲဒီဆေးသောက်ကြ။

သေခြင်းကင်းတယ် ဆိုတာဟာ မသေမှုရတာဘဲ၊ မသေမှု ဟာ နိဗ္ဗာန်ဘဲ၊ နိဗ္ဗာန်ဆိုတာဟာ ဇာတိကုန်တဲ့သဘောဘဲ၊ ဇာတိ ကုန်ရင်၊ ဇရာ–ဗျာဓိ-မရဏာခေါ်တဲ့၊ အိုမှု-နာမှု-သေမှုဟာ ကုန်သွား တာဘဲ။

ဒါကြောင့် ဇာတိရဲ့ အကြောင်းရင်းရှာတော့၊ အဝိဇ္ဇာတဏှာ ဆိုတဲ့လက်သယ်နှစ်ဦးကို တွေ့ကြတယ်၊ ကဲ....အဲဒီတရားခံကြီး နှစ်ဦး ကိုပပျောက်စေမဲ့ လက်နက်လဲဖြစ်၊ ဆေးလဲဖြစ်တဲ့ ဘုရားရှင်၏သိမှု ဝိဇ္ဇာဆေးတော်ကြီးကို ဆောင်ကြ မှီဝဲကြ၊ အရယူကြပါတော့။

## လက်တွေ့ အပေါ်ရန် ဒုက္ခများ

ယခုကမ္ဘာတခုလုံးမှာ အလွန်ကြီးကျယ် ပြင်းထန်တဲ့ ကပ်ဆိုး ကြီးနဲ့ ရင်ဆိုင်တိုးကြရလို့ ဟိုပြေးကြရ၊ ဒီပြေးကြရ၊ တချို့လဲ ပြေး ရင်းဘဲ ပစ္စည်းဆုံးလူသေ၊ တချို့လဲ အိုးအိမ်မဲ့ကြရ၊ ယခု စစ်ကြီး ပြီးလို့ ကုသိုလ်ကံကောင်းထောက်မ၍ အသက်နှင့်ကိုယ် အိုးစားမကွဲ ဘဲ အသက်ရှင်ခွင့် ရသည်ကိုပင်၊ အင်မတန် ကံကြီး ကောင်းလှပါ တယ်လို့မဆိုရပေဘူးလား။

သည်အထဲမှာ— ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တော့မလိုလို သတင်း စာတွေမှာ ဘတ်ရတွေ့ရတော့၊ တယ်ကြောက်ဘို့ ကောင်းတာဘဲ၊ ဒါကြောင့် အဲဒီအပေါ်ရန်ဒုက္ခနှင့်တကွ၊ အတွင်းပူးသတ်နေတဲ့ဒုက္ခ ထိပ်သီး ဆယ်ပါးသောမီးတွေကို ငြိမ်းနိုင်တဲ့ မီးခံသေတ္တာကြီးအစစ် ရရှိထားကြရအောင်၊ မသိမှုဆိုတဲ့ အကြောင်းရင်းကြီးကို အမြစ်က လှန်နှုတ်ပြီးမပစ်သမျှသံသရာထဲကမထွက်နိုင်ဘဲ၊ တသေထဲသေနေကြ ရဦးမှာဘဲ။

ယခုတွေ့ခဲ့ရတဲ့၊ နောက်လဲတွေ့ရမဲ့ ဒုက္ခအမျိုးမျိုးတွေဝိုင်းအုံ နေကြတယ်၊ ဒီတော့- ဒီမသိမှုဆိုတဲ့တရား ပပျောက်သွားအောင် ဘုရားရှင်ပေးထားခဲ့တဲ့ မဂ္ဂင်ဆေးကြီးကို သောက်ကြစို့။

၂၅၄၄

## မသေဆေးဖေါ်စပ်နည်း။

အဲဒီ မဂ္ဂင်ရှစ်ပါး တရားဆိုတဲ့ ဆေးတော်ကြီးကို ဘယ်လို ဖေါ်စပ် သုံးဆောင်ရမလဲဆိုတော့၊ ဘုရားရှင်က သတိပဋ္ဌာန်တရား တော်မှာ ဟောညွှန် ထားတဲ့အတိုင်း၊ ကျွန်တော်တို့ တတွေဟာ ဣရိယာပုတ် လေးပါးထဲမှာဘဲ အမှတ်မဲ့ နေခဲ့ကြသဖြင့်၊ ယခုအခါ အမှတ်မမဲ့စေအောင် တတ်နိုင်သလောက်၊ ထိုင်လျှင်, ထိုင်တယ်၊ ထလျှင်,ထတယ်၊ စားလျှင်,စားတယ်၊ သွားလျှင်,သွားတယ်လို့ နေရာ တိုင်း နေရာတိုင်းမှာ သိ,သိသွားအောင်၊ တပြေးထဲပြေးနေတဲ့စိတ်ကို မိအောင်၊ သမ္မာဝါယာမမဂ္ဂင်ဖြင့် ဘမ်းရမယ်လို့ဆိုပါတယ်။

ဒီတော့ ဘယ်လိုဘမ်းရမယ်လို့ လက်တွေ့လုပ်နည်းကို စီစစ် လိုက်တော့၊ ဥပမာ- ထိုင်နေတဲ့ အခိုက်အတန့်မှာ ထိုင်နေတယ်, ထိုင်နေတယ်လို့၊ သိ,သိနေအောင်၊ ထိုင်နေတဲ့ အမူအရာ ပေါ်မှာဘဲ၊ မိမိ၏စိတ်ကိုရှုစိုက်၍ထား ၊စိတ်ကိုတခြားမလွင့်မထွက်စေနဲ့တဲ့။

အဲဒီလို စိုက်နေတဲ့အခိုက်မှာဘဲ၊ မျောက်လို ဆော့တတ်တဲ့ စိတ်ကလေးဟာ၊ စိုက်ထားတဲ့အာရုံမှ တခြားအာရုံ တခုခုထဲသို့သာ ရောက်သွားရော ဆိုပါတော့၊ ဥပမာ- ထိုင်နေစဉ် ထိုင်နေတယ်လို့ မှတ်နေတုန်း အသံတခုခု ကြားတယ်ဆိုပါတော့၊ အဲဒီအခါမှာ မှတ် နေတဲ့စိတ်ဟာ အဲဒီကြားတဲ့နေရာကို ရောက်သွားတာပေါ့။

ဒီလို ရောက်သွားတော့- ဒီစိတ်ကို ထိုင်နေတာ မှတ်တာကို သိအောင်ပြန်ဆွဲပေးရမယ်တဲ့၊ စင်စစ်မတော့ တပြေးထဲ ပြေးနေတဲ့ လေလွင့်နေတဲ့ စိတ်နောက်က ထက်ချပ် သတိကလေးက လိုက်၍

စောင်ထိန်းနေရမယ်လို့ ဆိုလိုပါတယ်....၊ သည်ဟာ လွယ်တယ်လို့ မထင်ကြနဲ့၊ အင်မတန်ခက်တဲ့တရားဘဲ ကိုယ်တိုင်လုပ်စမ်းကြည့်လျှင် သိကြမယ်၊ သူများတော့မပြောတတ်ပေဘူး၊ ကျွန်တော်ဟာ ဆရာတော်ဘုရား၏ လက်တွေ့ ဩဝါဒကိုနာယူပြီး၊ လက်ဦးဆုံးစမ်းသပ်လုပ်ကြည့်တဲ့ ပဌမနေ့မှာ၊ ထိုင်နေတာကိုမှတ်ပြီးကြည့်၊ ထိုင်နေတာကို စိတ်မရောက်၊ ထိုင်လို့မဟန်တော့ စောင်းကြည့်၊ ပက်လက်လှန်ကြည့်၊ အိပ်ကြည့်၊ ထကြည့်၊ လမ်းလျှောက်ကြည့်၊ စိတ်ဟာ မတည်ငြိမ် အာရုံမရ၊ သမာဓိမရ၊ စိတ်ဟာ တပြေးထဲပြေးနေတော့၊ မိမိလုပ်ရိုးလုပ်စဉ် နှလုံးသွင်းရိုးသွင်းစဉ်အတိုင်း ရ ံဖန်ရ ံခါ နှလုံးသွင်းလိုက် ပြန်လုပ်လိုက်၊ ဆရာတော်ဘုရား ဆုံးမထားသလို၊ ထိုင်တာ,ထဟာ လျှောင်းတာ,ဆိုတဲ့ ဣရိယာပထကိုဘဲ ပြန်ပြန်မှတ်မှတ် လုပ်လိုက်။

အဲသည်လိုနှင့် နှစ်နာရီ ကျော်ကျော်လောက် လုပ်ပြီးတော့ ကမ္မဋ္ဌာန်းတဲထဲကထွက်ပြီး အကျိုးအကြောင်း ဆရာတော် ဘုရား၏ အစစ်အဆေး မေးမြန်းခြင်းတို့ကို ခံယူရာ၊ ဆရာတော် ဘုရားက လက်ဦးအစမှာ သည်လိုဘဲ နေလိမ့်မယ်၊ အိမ်အပြန် လမ်းမှာလဲ လမ်းလျှောက်ရင်း သည်အတိုင်းမှတ်၊ အိမ်ရောက်တော့လဲ ထမင်းစားတဲ့အခါ စားတယ်,စားတယ်, လို့မှတ်၊ ထိုင်တဲ့အခါ, ထိုင်တယ် ထိုင်တယ်၊သွားတဲ့အခါ သွားတယ်,သွားတယ်၊ ရပ်တဲ့အခါ ရပ်တယ်, ရပ်တယ်၊ စကားပြောတဲ့အခါ စကားပြောတယ်, စကားပြောတယ်၊ ဘုရားရှစ်ခိုးတဲ့အခါ ဘုရားရှိခိုးတယ်၊ အိပ်တဲ့အခါ အိပ်တယ်, အိပ်တယ်,စသည်ဖြင့် မှတ်မှတ်နေ၊ စိတ်တခြားရောက်သွားလျှင် လိုက်ဘမ်း၊ မိမိမှတ်နေတဲ့နေရာကို ပြန်သွင်း၊ သတိကို ကျပ်ကျပ်အသုံးပြု၊

တနေ့ကျတော့ အလိုလို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် ရုပ်,နာမ်ကို မြင်လာပါလိမ့်မယ်။

အဲဒီ ရုပ်,နာမ်ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် မြင်ပြီးမှ သည်ရုပ်,နာမ်၏ ဖြစ်မှုပျက်မှုကို လက္ခဏာရေး သုံးသပ်မှသာ ခရီးရောက်တယ်၊ ကြိုးစားပါဟု ဆုံးမသည့်အတိုင်း ဆက်လုပ်တဲ့အခါမှာ မှတ်လုံးနဲ့နဲ့ စိပ်လာပါတယ်၊ သည့်ပြင် အာရုံတွေလဲ ဝင်လာတဲ့ အခါမှာလဲ မျက်စိ- နား- နှာ- လျှာ- ကိုယ်- မနော, ဆိုတဲ့အာရုံ ခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ သူ့အာရုံနှင့် သူ့ဝိညာဏ်တသန့်စီ တသန့်စီဖြစ်ထာကိုသိလာရတယ်၊ စိတ်ဟာလဲမိမိထားလို့တဲ့ နေရာမှာ အမြဲမနေ၊ မိမိအလိုသို့မလိုက်၊ အစိုးမရ၊ အသာမိကဋ္ဌေန၊ အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အသာရကဋ္ဌေန,ဆိုတဲ့ အနတ္တ တရားကြီး ပါကလားလို့ သဲလွန်စကလေး ရလာပါပေတယ်၊ အဲဒါ-"မင်းကွန်း ဇေတဝန်ဆရာတော်၏" ကျေးဇူးပါဘဲ။

## နာမရူပ ပရိစ္ဆေဒ ဉာဏ်ခဏ်း

(၁) သတိပဋ္ဌာန်လေးပါးရှိတဲ့အနက်က၊ ကာယာနုပဿနာ သတိဟာ၊ ရုပ်တရားကို နှလုံးသွင်းတဲ့ အလုပ်ဘဲ၊ (၂) သွား,ရပ် ထိုင်, လျောင်းဆိုတဲ့ ဣရိယာပထပိုင်းရယ်၊ ကွေးခြင်း, ဆန့်ခြင်း, ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်း ကြည့်ခြင်း စသည်ဖြင့် ဆိုတဲ့ သမ္ပဇဉ ပိုင်းရယ်၊ (၃) "ပ-အာ- ဝါ-တေ-မြေ-ရေ-လေ-မီး" အစရှိသော ဓါတ်ကြီးလေးပါး အားဖြင့် ဆင်ခြင်နှလုံးသွင်းသော ဓါတုမနသိကာရပိုင်း ရယ်လို့ရှိတယ်၊ အဲဒီ

သုံးပိုင်းဟာ ဝိပဿနာအလုပ်နှင့် တထပ်တည်း ကျတဲ့၊ ဝိပဿနာ အလုပ်နှင့် တိုက်ရိုက်စပ်ဆိုင်တဲ့ အခဏ်းတွေ ဖြစ်ပါတယ်။

အဲဒီလို သတိပဋ္ဌာန် ဒေသနာတော်အရ၊ သတိကို မလွှတ်စေဘဲ၊ ထိုင်မှု, ရပ်မှု, သွားမှု, လျှောင်းမှု, ကွေးမှု, ဆန့်မှု, ဘယ်ညာ တစောင်းပြောင်းမှုမှစ၍ မှတ်မှတ်နေလျှင်၊ ၎င်းအမူအယာ ပြောင်းလဲတိုင်း, ပြောင်းလဲတိုင်း တို့၏ မှတ်မှုတို့မှာသာ စိတ်တည်နေတဲ့ အတွက်တည်ကြည်သောသမာဓိ ဖြစ်နေရောမဟုတ်လား၊ ဒီသမာဓိ ဖြစ်ဘို့ဟာ၊ဝီရိယဆိုတဲ့ လုံ့လအားထုတ်မှုလဲပါတယ်၊ အောက်မေ့မှု သတိလဲပါတယ်၊ ဒါကြောင့်- သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိဆိုတဲ့ သိက္ခာသုံးပါး မဂ္ဂင်တရား ဖြစ်ပေါ်လာပါရော၊ ဒီလို ထိုင်မှု,ထမှု အမူအရာစသည်တို့ကို မှတ်နေမှုအခိုက်အတန့်မှာ သေသေ ချာချာစဉ်းစားကြည့်စမ်း၊ မိမိကိုယ်ခန္ဓာထဲမှာ လောဘမှု,ဒေါသမှု, မောဟမှုတွေ ငြိမ်းနေရော မဟုတ်လား၊ ဒီလို ကာယကံမှု ဝစီကံ မှုတွေမဖြစ်တော့ သီလမဂ္ဂင် သုံးပါးလဲ ဖြစ်တယ်လို့ ဆိုရတယ်၊ ပြီးတော့ထိုင်မှု, ထိုင်ဆဲ ထမှု ထဆဲ အခိုက်-အတန့်မှာမှတ်မှတ်နေခြင်း၊ ထိုင်နေထနေတဲ့ သဘော၏ အာရုံရောက်နေခြင်းသည်ပင် ပစ္စုပ္ပန် ဖြစ်ဆဲရုပ်ကို ထိုင်တယ်, ထိုင်တယ်၊ ထတယ်, ထတယ် စသည်ဖြင့် မှတ်မှတ်နေခြင်းပင် မဟုတ်ပါလား။

အဲဒီလို ရုပ်တရားကို သတိတည်းဟူသော စေတသိတ် နာမ် တရားကမှတ်သဖြင့်၊ သိသိနေသော အသိဉာဏ် အသိသဘောဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ဘဲ၊ သည်လို ထိုင်တာကို ထိုင်တယ်၊ ထတာကို ထတယ်လို့မှတ်နေခြင်းကြောင့်၊သူထိုင်တယ်၊ငါထိုင်တယ်၊ယောကျ်ားထိုင်တယ်၊ မိန်းမထိုင်တယ် စသည်ဖြင့် အရင်တုန်းကလို အမှတ် မမှားဘဲ၊ ငါစွဲ,သူစွဲ,သက္ကာယစွဲ, မစွဲလန်းတော့ဘဲ၊ အဲဒီစွဲလန်းတဲ့

မိစ္ဆာအယူမှတ်သိနေတဲ့ အခိုက်အတန့် ပျောက်ကွာနေခြင်းကြောင့်၊ (တဒင်္ဂပျောက်ထာ ပြောတာနော်....) အမှန်ကိုမြင်တဲ့ ပညိန္ဒြေ စေတသိက်ဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ဘဲ၊ ၎င်းမဂ္ဂင်နှစ်ပါးဟာ အဓိပညာ သိက္ခာဘဲ၊ ဒီသိုတလုံးတစည်းထဲ ဖြစ်ပေါ်တဲ့ မဂ္ဂင်ဟာ လောကီ မဂ္ဂင်လို့ခေါ်တယ်၊ ဝိဇ္ဇာဉာဏ်ဆိုတဲ့ အမှန်သိမှုသဘော ဖြစ်ပေါ် လာတော့ မသိမှုဆိုတဲ့ အဝိဇ္ဇာ တရားဟာ ပပျောက် သွားရော မဟုတ်လား၊ မသိမှု အဝိဇ္ဇာတရားဟာ မူလတရားကိုယ်ကမိုက်မဲမှု မောဟတရားဖြစ်၍၊ အကြောင်းတရားပင် ဖြစ်သော်လဲ ဒီနေရာမှာ သစ္စာကောက်လျှင် ဒုက္ခသစ္စာဘဲ၊ (တဏှာ ကြဉ်သော ခပ် သိမ်း ကုန်သော တေးဘူမက တရားဟူသမျှ ဒုက္ခသစ္စာရယ်လို့ ဆိုတယ် မဟုတ်လား၊) အဲဒါကြောင့်— မသိမှုအဝိဇ္ဇာကို ဒုက္ခသစ္စာကောက်၊ သိမှုဝိဇ္ဇာဉာဏ်ဟာ မဂ္ဂသစ္စာဘဲ၊ လောဘဆိုတဲ့ သာယာမှုတဏှာ ဟာသမုဒယသစ္စာဘဲ၊ အကြောင်း- သမုဒယအကျိုး- ဒုက္ခတို့၏ ကင်းငြိမ်းရာအမှန် နိဗ္ဗာန်ဟာ နိရောဓသစ္စာဘဲ၊ အဲဒီလို သွား,ရပ်, ထိုင်,လျှောင်းဆိုတဲ့ ဣရိယာပုတ်တိုင်းမှာ သတိမလွှတ်ဘဲပြောင်းလဲ မှုတိုင်းမှတ်နေခြင်းဟာ သမ္ပဇဉ်လို့ခေါ်တယ်၊ မြန်မာလို ပညာဖြင့် ဆင်ခြင်နှလုံး သွင်းနေတယ်လို့ဆိုတယ်၊ သမ္ပဇဉ်လေးပါး ရှိတယ်— (၁) အကျိုးရှိ မရှိ သိဒါကသတ္တကသမ္ပဇဉ်၊ (၂) လျော်မလျော် သိတာက သပ္ပါယသမ္ပဇဉ်၊ (၃) အာရုံကျခိုက် သိတာက ဂေါစရ သမ္ပဇဉ်၊ (၄) ထိုင်ခြင်း,ထခြင်း စသည်တို့ကို ပြုလုပ်တတ်တဲ့သတ္တဝါ မရှိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား, မိန်းမ မဟုတ်၊ ဓမ္မ သက်သက် အမှုအရာ အခြင်းအရာသက်သက်မျှဖြစ်တဲ့ ရုပ်-နာမ်-ဓမ္မ တွေဘဲလို့ အမှန်တရားကို မတွေ့မဝေ သိရတာက အသမ္မောဟ သမ္ပဇဉ်တဲ့။

အဲဒီ သမ္ပဇဉ်လေးပါးရှိတယ်၊ အဲဒီလို မှတ်မှတ်နေခြင်းဟာ သတိမလွတ်ဘဲ ပညာဖြင့်ဆင်ခြင်နေတဲ့ သမ္ပဇဉ်မည်တယ်လို့ ဆိုလိုပါတယ်။

အဲဒီလို မှတ်မှတ်နေခြင်း အခိုက်အတန့်မှာ သတိပဋ္ဌာန် လေးပါးအနက်၊ ကာယာနုပဿနာ သတိပဋ္ဌာန် ရုပ်တရားကို နှလုံးသွင်းနေတယ်လို့ဆိုပေမဲ့ ဝေဒနာနုပဿနာလဲ တခါထဲ အကျုံးဝင်သွားတာဘဲ၊ ဘယ်လို အကျုံးဝင်သလဲဆို ထိုင်ဆဲ,ထဆဲ စသည့် ဣရိယာပုတ်တိုင်းမှာ ညောင်းတယ်, ညာတယ်, ကိုက်တယ်, ခဲတယ် စသည်ဖြင့် ခံသာ,မခံသာဆိုတဲ့ ခံစားမှုတွေပါနေတာကိုလဲမှတ်မှတ်နေတော့၊ ၎င်းဝေဒနာနုပဿနာလဲ အကျုံးဝင်သွားတာဘဲ၊ စိတ္တာနုပဿနာလဲ သိသိနေတဲ့ သိမှုတွေကြောင့် အကျုံးဝင်သွားတာဘဲ၊ ဓမ္မာနုပဿနာလဲ ထိုင်နေ တာကို ထိုင်တယ်, ထိုင်တယ်လို့ မှတ်နေတုန်း ညောင်းညာကိုက်ခဲလို့၊ ထိုင်ရာမှထ၊ ထရာမှလှဲ၊ လှဲရာမှ တခါပြန်ထိုင်စသည်ဖြင့် အမူအရာ အမျိုးမျိုး ပြောင်းပြောင်းနေတဲ့ သင်္ခါရမှု၊ သတိစိုက်မှု၊ လုံ့လပြုမှု၊ စေ့ဆော်မှုဆိုတဲ့ ဖဿစေတနာ ဝိတက် ဝိစာရ သတိဝိရိယစသောသင်္ခါရမှုတွေ၊ ထိန-မိဒ္ဓ- ကုက္ကုစ္စ-ကာမစ္ဆန္ဒစတဲ့ နိဝရဏ တရားတွေအောက်မေ့ သတိပြုခြင်းလဲ ပါ-ပါနေ၍ ဓမ္မာနုပဿနာလဲ အကျုံးဝင်သွားတာဘဲ၊ အဲ့ဒီလို မှတ်မှတ်နေခြင်းဟာ ဘာကိုမှတ်နေသလဲ၊ သွား, ရပ်, ထိုင်, လျောင်းဆိုတဲ့ အမူအရာတွေကို မှတ်,မှတ်နေလို့၊ ရုပ်တရားတွေကို မှတ်,မှတ်နေတယ်လို့ဆိုရမယ်၊ ဘာဖြစ်လို့ ရုပ်တရားလို့ဆိုရသလဲ၊ ဘောက်ပြန်တတ်လို့ ရုပ်လို့ခေါ်တယ်တဲ့။

"ရုပ်ပွနလက္ခဏာ"မို့ ရုပ်တဲ့၊ တပြေးထဲ ပြေးနေတဲ့ စိတ်ကို သတိက နောက်က ထက်ချပ်လိုက်၍ စောင့်ထိန်းပြီး မှတ်နေခြင်းကြောင့်၊ စိတ်တို့ သတိတို့ကို နာမ်တရားလို့ခေါ်တယ်၊ ဘာ့ကြောင့် နာမ်တရားလို့ ခေါ်ရသလဲ၊ အာရုံသို့ ညွတ်တတ်ခြင်းကြောင့်တဲ့၊ "နာမနလက္ခဏာ"မို့ နာမ်တဲ့၊ ကဲ...ရုပ်နှင့်နာမ် ကွဲပြီ မဟုတ်လား၊ အရင်တုန်းကလို မှတ် မှတ် မနေခင်တုန်းကတော့ ရုပ်နှင့်နာမ်မကွဲဘူး တွဲတွဲနေတယ်။

"မှန်ထဲအရုပ်၊ သေကောင်ဖုတ်၊ နာမ်ရုပ်အတူထား"
"ဆွံ့-ကန်းနှစ်ထွေ၊ လှေစီးလှေ၊ နှိုင်းလေနာမ်နှင့်ရုပ်" တဲ့။

မှန်ထဲမှာထင်တဲ့လူရုပ်ဟာ မှန်မဟုတ်ဘူး၊ မှန်မှအသီးအခြား ဖြစ်ထာလို ဖုတ်ဝင်တဲ့လူသေကောင်ဟာ ဖုတ်မဟုတ်ဘူး၊ ဖုတ်ကောင်ဟာလဲ လူသေကောင် မဟုတ်ဘူး၊ တခြားစီ ဖြစ်ထာလို့၊ ထို့ပြင် ဆွံ့နှင့်ကန်း တယောက်ကိုတယောက် အမှီပြုရမှ ခရီးသွားနိုင်တာလို ခရီးသွားရသလို၊ လှေ၏ အလိုအလျောက် မိမိလိုရာ မရောက်နိုင်၊ လှေစီးတဲ့လူက လှော်ခပ်ပေးမှ လိုရာရောက်ရသလို ရောက်နိုင်သလို၊ နာမ်နှင့်ရုပ်ဟာ တခုနှင့်တခု ကျေးဇူးပြု၍ လုံးထွေးပေါင်းစပ်မှ သွားခြင်း,ရပ်ခြင်းစတဲ့ ကိစ္စအရပ်ရပ်တို့ ပြုနိုင်,ဖြစ်နိုင်သလို၊ ရုပ်ဟာရုပ်၊ နာမ်ဟာနာမ်၊ ရုပ်လဲတမျိုးတခြား နာမ်လဲ တမျိုးတခြား ၊ရုပ်-နာမ်နှစ်ခုပေါင်းစပ်မိမှ လှုပ်တတ် ယှက်တတ် အရှင်လို အကောင်းလို ထင်ရတယ်၊ သေခါစ မျက်စီ- နား- နှာ- လျှာ- ကိုယ်- နှလုံးသား မပျက်သေးတဲ့ လူသေကောင် မသာနှင့် လူရှင်ကို ယှဉ်ကြည့်ကြစမ်း၊ လူသေမှာ သိမှုဆိုတဲ့၊ ဝိညာဏ်ဆိုတဲ့ နာမ်တရားမရှိ၍ အာရုံသို့မညွတ်နိုင်။

လူသေ မသာကောင်နှင့် လူရှင်မှာရှိတဲ့ ရုပ်တရားခြင်းတော့ အတူတူဘဲမဟုတ်လား၊ လူရှင်မှာ လူသေ မသာကောင်ထက် ပိုပြီး ရှိတာက သိမှုဆိုတဲ့တရားဘဲ၊ အဲဒီ သိမှုစိတ်၊ ဝိညာဉ်မနောဆိုတာ အခေါ်သာလွဲတယ် အတူတူဘဲ နာမ်တရားဘဲ။

အဲဒီလို ရုပ်နှင့်နာမ်ဟာလဲ တခြားစီနေတာဘဲဟု မိမိကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်အမှန်သိအောင် လုပ်ရမယ်၊ မြင်တဲ့ခဏ၊ ကြား တဲ့ခဏ၊ နံတဲ့ခဏ၊ စားတဲ့ခဏ၊ ထိတဲ့ခဏ၊ သိတဲ့ခဏ စသည်ဖြင့် အာရုံခြောက်ပါးတို့၌၊ ဒွါရနှင့် အာရုံဆုံတွေ့တိုင်း၊ ၎င်းပြင် သွား-ရပ်-ထိုင်-လျောင်း ဆိုတဲ့ ဣရိယာပုတ် တိုင်း၌၊ မြင်, မြင်တယ်လို့ မှတ်နေတော့၊ မျက်စိကြည်လင်လို့သာ မျက်စိဖြင့် အဆင်းကိုမြင် တာဘဲဆိုတာ၊ သိ,သိနေရော မဟုတ်လား။

အဲ....မြင်-မြင်တယ် မှတ်လို့ ဆိုတဲ့အရာမှာ မြင်.... တခြား၊ မြင်တယ်...တခြား၊ မှတ်တခြား၊ က....တခြားစီမဟုတ်လား၊ မြင် ဆိုတာက မှတ်စရာအာရုံ(ရုပ်ပေါ့)၊ မြင်တယ်ဆိုတာက မှတ်တဲ့စိတ် (နာမ်ပေါ့)၊ မှတ်ဆိုတာက သတိ၊ ပညာ၊ ဝိပဿနာဉာဏ်ထင်တာ၊ တခြားဆိုတာက ပိုင်းခြားတာ၊ ကဲ— ရုပ်, နာမ် ပိုင်းခြားတဲ့ဉာဏ် တခါထဲပါရော မဟုတ်လား၊ စာရွတ်နေစရာ မလိုဘူးတဲ့၊ ဒိဋ္ဌေ-ဒိဋ္ဌ မတ္တံ- သုတေ- သုတမတ္တံ၊ မုတေ- မုတမတ္တံ၊ ဝိညာတေ- ဝိညာတ မတ္တံ ဟု ဗါဟိယသုတ်မှာ ဟောတော်မူတဲ့ အတိုင်း၊ မြင်လျှင်မြင် တယ်ဟု အမှတ်ပြုရုံမျှ၊ သွားလျှင် သွားတယ်ဟု အမှတ်ပြုရုံမျှ သတိ မလွတ်စေဘဲ၊ နာမ်တရား-ရုပ်တရားမျှသာ ရှိတာဘဲ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျာ်း၊ မိန်းမ၊ မရှိဘူးလို့ ဆုံးဖြတ်နိုင်တဲ့ဉာဏ်

ပေါက်ရောက်အောင် လုပ်ဘို့လိုတယ်တဲ့၊ အဲဒီလိုပိုင်းခြား၍ သိခြင်းဟာ **နာမရူပ ပရိစ္ဆေဒ ဉာဏ်ဘဲ** ဒီဉာဏ်ဖြစ်ပေါ်ရင် **ဒိဋ္ဌိဝိသုဒ္ဓိ** ဖြစ်ထာဘဲ။

သွားလို-ထိုင်လို-စားလို-သောက်လို စိတ်ဟုသိ။

၁။ စိတ်ကြောင့်ဖြစ်သော၊ ဓါတ်ဝါယော၊ နှံ့နှောရုပ်ဝယ်ပြည့်။

၂။ ဝါယောပြည့်သော်၊ ဝိညာဉ်ပေါ်၊ ရုပ်နှော်သွားလေ၏။

၃။ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်နှင့်ကြည့်။

၄။ ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်နှင့်ကြည့်။

၅။ ပုဂ္ဂိုလ်မစား၊ ငါမစား၊ ရုပ်စား ဉာဏ်နှင့်ကြည့်.... တဲ့။

ကဲ-နဲ့နဲ့ဉာဏ်ရှင်းမသွားပေဘူးလား၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာက ပါဠိလို၊ မြန်မာလိုပြန်တော့ နာမ်,ရုပ်နှစ်ခုကို ပိုင်းခြား၍ သိတဲ့ဉာဏ်တဲ့၊ ထိုင်နေတဲ့ အခိုက်အတန့် ထိုင်တယ်, ထိုင်တယ်လို့ မှတ်နေတာ ဘာကိုမှတ်နေသလဲ၊ ရုပ်တရားကိုမှတ်နေတာ၊ ထိုင်နေတယ်လို့သိနေတာကဘာလဲ နာမ်တရားဘဲ မဟုတ်လား။

အဲဒီလို နာမ်နှင့် တခြားစီ ကွဲသွားတာက ပရိစ္ဆေဒတဲ့၊ ဉာဏက- သိတဲ့ဉာဏ်၊ အဲဒါပေါင်းလိုက်တော့ နာမရူပ ပရိစ္ဆေဒ ဉာဏ်တဲ့၊ မြန်မာလို နာမ်နှင့်ရုပ် တခြားစီပိုင်းခြား၍ ဟုတ်မှန်တဲ့ **အ**တိုင်း သိသောဉာဏ်တဲ့၊ သည်လို ရုပ်,နာမ် နှစ်ခုကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိတော့ အသိအမှန်မဖြစ်ဘူးလား၊ အဲ-အမှန်ကို

သိတော့ အမှားမစင်ကြယ်ပေဘူးလား၊ ဘာမှားလဲဆိုတော့ ဟို... ရှေးရှေး ဘဝသံသရာ အဆက်ဆက်ကထဲက ပုဂ္ဂိုလ်ရဲ့ ငါရဲ့-ရဲ့နေတဲ့ သက္ကာယရဲ့, အတ္တရဲ့, မဟာသေ့ဘာပန် ပုဂ္ဂိုလ်တို့ အရင်းအမြစ်က ပယ်သတ်ရတဲ့ ဒိဋ္ဌိဆိုတဲ့ တရားကို ယခု ထိုင်ဆဲခဏ ထိုင်တာကို ထိုင်တယ်စသည်ဖြင့် အမှန်သိသိနေတဲ့ အသိကလေးဟာ အမှန်သိဖြစ်နေတော့၊တဒင်္ဂပဟာန်၊ ခဏတာကလေးမျှ မိမိ၏ ခန္ဓာမှာ ဒိဋ္ဌိကွာနေတယ်လို့ဆိုရမယ်၊ အဲဒါ ဒိဋ္ဌိဝိသုဒ္ဓိ လို့ဆိုတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိက ပါဠိလို၊ မြန်မာလိုပြန်တော့ အမှားစင်ကြယ်တာ၊ (ဝါ) အမြင် စင်ကြယ်တာဘဲ။

## ပစ္စယ ပရိဂ္ဂဟဉာဏ်ဖေါ်ခဏ်း

အဲဒီ ရုပ်နှင့်နာမ်ဟာ၊ ဘာကြောင့် ဖြစ်ပေါ်လာရသလဲလို့ စမ်းစစ်ကြည့်ဘို့ လိုတယ်၊ သည်လို ကြည့်တော့.... ဘယ်အရာမဆို အကြောင်းအကျိုးကင်း၍ မဖြစ်ဘူးဆိုတာ သိရတော့ အကြောင်းကိုစီစစ်ဘို့ မလိုပေဘူးလား၊ အဲ—ရုပ်၏ဖြစ်ခြင်း **အကြောင်းဟာ အဝိဇ္ဇာ- တဏှာ- ဥပါဒါန်- ကံ- သင်္ခါရ ဆိုမဟုတ်လား ..။** အဲ-ဒီအကြောင်းမှာလဲ ဖြစ်ပေါ်ခြင်းဆိုဘဲ့ အတိတ်ဇနကအကြောင်းပြီးတော့ ထက်သန်ရှင်လန်းအောင် ထောက်ပန့်မှုဆိုတဲ့ ပစ္စုပ္ပန်၊ ဥပတမ္ဘကအကြောင်းရယ်လို့ရှိတယ်၊အတိတ်၏ဇနကကံသတ္တိကြောင့် ယခုဘဝမှ ပဋိသန္ဓေဇာတိရှိ၍ လူရယ်လို့ဖြစ်လာပြီးတဲ့နောက်၊ တနေ့နှစ်ထပ်ကျ အဟာရ စားမှု, သောက်မှု၊ စိတ်၏ပြုပြင်မှု၊ ကာယကံမှု, ဝစီကံမှုစတဲ့ ပယောဂပိုက်မှု၊ ထောက်ပန့်မှုတွေ မပါလျှင် အချည်း

တည်တန့် ခိုင်မြဲနေနိုင်စရာ အကြောင်းမရှိဘူးတဲ့၊ "အဝိဇ္ဇာနှင့်တဏှာ ဗိုလ်ချုပ်၊ မြစ်မပြုတ်မူ၊ သစ်ငုတ်တိုမှ၊ စ၍ဖြစ်ရိုး၊ မျိုးစေ့သဏ္ဍာန်၊ ကံသင်္ခါရ၊ ထိုကဆက်ချိတ်၊ စိတ်သင်္ခါရ၊ ထိုကပွါးမူ၊ ဥတုအာဟာ၊ ကြောင်းလေးဖြာတို့၊ ပေါင်းဆုံမှုကြောင့်" ဆိုတဲ့ လင်္ကာသံပေါက်လို အဝိဇ္ဇာတဏှာသဟဲရှိတဲ့ ကံကြောင့်ဘဲ မဟုတ်လား၊ ကိလေသာက ကံကိုအားပေး၊ ကံက ဝိပါက်ဖြစ်အောင်ပြု၊ ဝိပါက် ဖြစ်ပြန်တော့ ကိလေသာနှင့်ကံပြုပြန်၊ (အဖန်တလဲလဲဝဋ္ဋဆင်းရဲ၊ သတ္တဝါအကောင် အခဲမရှိတဲ့။)

အဲ.... ကံ- စိတ်- ဥတု- အာဟာရ ဆိုတဲ့အကြောင်း သင်္ခါရ ဟာ ရုပ်၏ဖြစ်ကြောင်းတဲ့၊ ကံစသော သင်္ခါရလေးမျိုးဟာ၊ ရုပ်၏ ဖြစ်ကြောင်း အကြောင်း တရားဘဲ၊ ရုပ်ဟာ အကျိုး တရားဘဲ၊ ဒီတော့- ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ ဟောတော် မူတဲ့အတိုင်း သူ့အကြောင်းကြောင့် သူ့ဆိုင်ရာ အကျိုးတွေ ဖြစ်နေတာဘဲ၊ ဘယ် သူကဖန်ဆင်းတယ်၊ ဘယ်ဝါက ဖန်ဆင်းတယ် ဆိုတာ မဟုတ်ဘူး၊ အဲဒီလိုရုပ်၏ဖြစ်ကြောင်းကို သိမ်းဆည်းဆင်ခြင်ပြီးတော့၊ မြင်တဲ့ ခဏ မြင်,မြင်တယ်၊ မြင်တာကိုမှတ်-မှတ်တယ်၊ မျက်စိနှင့်အဆင်းကို မြင်တယ်ဆိုတာ သိလာရောမဟုတ်လား၊ ဒီလိုဖြစ်လာတော့ မြင်တဲ့ ခဏ မြင်တယ်ဆိုတာက မူလအမှတ်တခု၊ နောက်မြင်တာကို မှတ်- မှတ်တယ်က အမှတ်တိုးလာတာ မဟုတ်လား၊ ဒီလိုအမှတ် တိုးလာ တာကြောင့် မှတ်စရာများ၊ မှတ်စရာများသဖြင့် အသိပွါး၊ အသိ ပွါးတာကိုပင် ဉာဏ်တက် တယ်လို့ ဆိုရတယ်၊ အဲဒီလို သိတာ အကြောင်းအကျိုး မကင်းတဲ့ တရားဘဲလို့သိတာတဲ့၊ နာမ်တရားတွေ ဖြစ်မှုကတော့ အာရုံနှင့် မှီရာဝတ္ထုကို စွဲမှီရမှဖြစ်ရတယ်။

အာရုံခြောက်ခု မှီရာဝတ္ထုလဲ ၆-မျိုးဘဲ၊ အာရုံခြောက်မျိုးက၊ ရူပါရုံ၊ သဒ္ဒါရုံစတဲ့ အဆင်း, အသံ, အနံ့, အရသာ ကိုယ်အတွေ့ မနောအသိ ခြောက်မျိုးဘဲ၊ မှီရာဝတ္ထု ဆိုတာက ဒွါရ ခေါ်တဲ့ အကြည် ၆-မျိုးဘဲ၊ မျက်စိ,အကြည်၊ နား,အကြည်၊ နှာခေါင်း, အကြည်၊ လျှာ,အကြည်၊ ကိုယ်,အကြည်၊ နှလုံး,အကြည်တွေဘဲ၊ အဲဒီ အဆင်းအသံဆိုတဲ့ အာရုံတွေနှင့် ဆိုင်ရာ အကြည်ဓါတ်တို့ တိုက်ဆိုင်ကြိုတွေ့တိုင်း တဖြုတ်ဖြုတ် တဖွါးဖွါး အသိတွေဖြစ်ပေါ် နေတာ နာမ်တရား ဖြစ်ပေါ်တယ်လို့ ခေါ်ဆိုရတယ်၊ စိတ်ဝိညာဏ် သိဟာ အာရုံနှင့်ကင်း၍ ဖြစ်တယ်လို့မရှိဘူးတဲ့၊ အာရုံနှင့် ပေါင်းမိမှ ဖက်စပ်ရမှ ဖြစ်ပေါ်နိုင်တယ်။

ဒါ့ကြောင့်- "နမန လက္ခဏံ နာမံ" လို့ဆိုလိုတယ်၊ အာရုံကို ညွှတ်ခြင်းကြောင့် နာမ်လို့ခေါ်တယ်၊ ပုဂ္ဂုလ်သန္တာန်မှာ အဲဒီအသိ တွေဟာလဲ ၂-ခု ၃-ခု တပြိုင်ထဲ အတူပြိုင်လို့ မဖြစ်စကောင်းဘူးတဲ့၊ မျက်စိတမှိတ် လျှပ်တပြက်မှာ စိတ်ဆိုတာ ကုဋေတသိန်းမကဖြစ်ပျက် တယ်လို့ဆိုတော့ အဖြစ်အပျက်တွေ မြန်တာကြောင့် တပြိုင် ထဲ ဖြစ်တယ်လို့ ထင်ရတာဘဲတဲ့၊ (ပဲလှော်ကိုစား ကိုယ်ယား ညှော်နံ့ မင်းသမီးသီချင်းဆိုတဲ့အသံ နားထောင်ပြီး သဘောကျနေတဲ့ ပွဲကြည့် သမား) ဆိုတာလို၊ အစားလဲစားနေတယ်၊ ကိုယ်ယားတာလဲဖျောက် နေတယ်၊ အနားက ကြော်နေတဲ့ ဘူးသီးပေါင်းကြော် နံ့ ကလဲနံ့နေ တယ်' မင်းသမီးဆိုတဲ့သီချင်းသံလဲ ကြားနေလို့ သဘောကြတဲ့အတွက် တပြုံးပြုံး၊မင်းသမီး က,နေတာကိုလဲ စိုက်ကြည့်နေတော့ ဒီနေရာမှာ စားသိ၊ယားသိ၊ နံ့သိ၊ ကြားသိ၊ မြင်သိ၊ သဘောမနဿဆိုတဲ့ မနောသိ အသိ ၆-မျိုးစလုံး အတူတူဖြစ်နေတယ်လို့ ကိုယ့်ကိုယ်ကိုကိုယ် ထင်၊

ဘယ်ဟုတ်လိမ့်မလဲ၊ အသိတမျိုးဖြစ်ပြီးမှ အသိတမျိုး ဖြစ်တာဘဲ၊ ဆိုလိုရင်းက အာရုံနှင့်ဝတ္ထု ပေါင်းစပ်မိမှ အသိနာမ် ဖြစ်တယ်လို့ ဆိုလိုပါတယ်။

၁။ တိမ်တိုက်နှစ်ရပ်၊စည်လက်ခတ်၊မီးခတ်ကျောက်သို့သာ။

၂။ စောင်းကြိုး စောင်းတန်၊ မီးမှန်-နေပူ၊ မှန်နှင့်လူ၊ မှတ်ယူ ဥပမာ။

၃။ လျှပ်စစ်စည်သံ၊ မီး-စောင်းသံ၊ မှန်၌အရိပ်ဟာ။

၄။ အကြောင်းနှစ်ဖြာ၊ ပေါင်းမိခါ၊ ဘာသာဖြစ်ရှိလာ။

အဲဒီ သံပေါက်လို၊ သူ့ဘာသာသူ ဖြစ်လာတဲ့ တရားဘဲ၊ အဲဒီလို ဆင်ခြင်နှလုံး သွင်းခြင်းကြောင့်၊ သို့လော- သို့လော-တွေး တောယုံမှားနေတဲ့ ရှစ်ပါးသောယုံမှားခြင်း၊ တဆဲ့ခြောက်ပါးသော ယုံမှားခြင်း၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိမှစ၍ သိဆဲခဏ၊ မှတ်ဆဲခဏမှာ ကင်းကင်းနေတာကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ပစ္စယ ပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။

နာမရူပ ပရိစ္ဆေဒ ဉာဏ်စခန်း တုန်းကတော့၊ မြင်လျှင် မြင်တယ်,မြင်တယ်၊ ကြားလျှင် ကြားတယ်, ကြားတယ် စသည်ဖြင့် မှတ်,မှတ်၊ သိသိနေရုံဘဲ၊ ယခုပစ္စယ ပရိဂ္ဂဟ ဉာဏ်စခန်းမှာတော့ မြင်ချင်လို့မြင်တယ်၊ သွားချင်လို့သွားတယ်၊ မြင်ချင် သွားချင်တာ ကအကြောင်း၊ မြင်တယ်ဆိုတာ, သွားတယ် ဆိုတာက အကျိုး

မဟုတ်လား၊ အဲ—အကျိုးမြင်တော့ အကြောင်း မထင်ဘူးလား၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဆိုတာ ဘယ်မှာမှီဖြစ်သလဲ၊ ခန္ဓာငါးပါးမှာ မှီဖြစ်ရတာ၊ ခန္ဓာငါးပါး အကျဉ်းချုံးတော့ နာမ်,ရုပ် နှစ်ပါးဘဲ၊ နာမ်,ရုပ်ဟာ အကျိုးဒုက္ခ သစ္စာဘဲ မဟုတ်လား၊ ထိုနာမ်,ရုပ်ဟာ ဘာကြောင့်ဖြစ်ပေါ်လာရသလဲ၊ အဝိဇ္ဇာ, တဏှာ, ကံ, အဟာရဆိုတဲ့ အကြောင်းတွေကြောင့်မဟုတ်လား။

အကြောင်းတရားတွေ အကျဉ်းချုံး လိုက်တော့....၊ မသိမှု အဝိဇ္ဇာဟာ အရင်းခံလက်သည် မဟုတ်လား၊ ဒီလိုသိလာတဲ့အခါ နာမ်,ရုပ်အကြောင်းကို သက်သက်သိမ်းဆည်းဘို့ ထပ်မံလုပ်ရတော့ တာမဟုတ်ပါဘူး၊ ဒွါရကြည်လင် အာရုံဇာင်ကထဲက အကြောင်းကို သိမ်းဆည်းတယ်လို့ ဆိုရတာပါဘဲ။

အဲဒီလို နာမ်,ရုပ်အကြောင်းကို သိအောင် မှတ်ဖန်များတော့ မြင်တဲ့ခဏ မြင်,မြင်တယ်၊ မြင်တာကို မှတ်,မှတ်တယ်၊ မျက်စိကြည် လင် အဆင်းထင်လို့ မြင်တယ်၊ ဒီတော့- ငါကမြင်တယ်၊ သူကမြင် တယ်လို့ထင်ဦးမလား၊ ငါ—သူ ဆိုတာ ပျောက်သွားရော မဟုတ် လား၊ ဒွါရအာရုံဆိုတဲ့ အကြောင်းကြောင့်၊ အကျိုးနာမ်,ရုပ်ဖြစ်လာ ကိုမြင်တဲ့အတွက်၊ ယခုလိုဘဲ ရှေးကလဲ အကြောင်းကြောင့် ဖြစ်ခဲ့ပြီ၊ နောင်ခါလဲ အကြောင်းကြောင့် ဖြစ်လတံ့လို့၊ အတိတ် အနာဂါတ် ပစ္စုပ္ပန်, ကာလသုံးပါး၏ ယုံမှားခြင်း ကင်းရောမဟုတ်လား၊ လာတဲ့ အကြောင်း သွားတဲ့အကျိုးကိုလဲ အမှတ်မပြုဘူး၊ မပြုလို့မထင်တာ လဲမဟုတ်၊ ထင်လဲထင်တာဘဲ၊ စိတ်လဲမပျံ့လွင့်ဘူး၊ အားထုတ်တဲ့ ကိုယ့်စိတ်လဲခန့်တယ်၊ ဝိပဿနာ အညစ်အကြေးလဲ ပျောက်တယ်၊ ဝီတက် အကြံအစည်လဲငြိမ်း၊ ပရိယုဋ္ဌာန် သံယောဇဉ်လဲပျောက်၊

အနုသယလဲ ပျက်စီးတော့တာဘဲ၊ စင်စစ် အကြောင်းနှင့် အကျိုး တရားသက်သက်ဘဲ၊ အကြောင်းလဲ အကျိုးမဟုတ်၊ အကျိုးလဲ အကြောင်းမဟုတ်၊ အကြောင်းဟာ အကြောင်း, အကျိုးဟာလဲ အကျိုးဘဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိ၊ အကြောင်းကြောင့် သာအကျိုးဖြစ်ပြီး၊ ဖြစ်ဆဲဖြစ်လတံ့ဆိုတာ ထင်ထင်ရှားရှားကြီး ဆုံးဖြတ်နိုင်တဲ့ ဉာဏ်တဘက်ကမ်းသို့ ရောက်တော့တာဘဲ။

## ဒေသနာနှင့်ညွှန်ချက်

ဣတိဣမေ၊ စတုသင်္ခေပေ၊ ထယော အဒ္ဓေ ဝီသတိယာ၊ အကာရေဟိ တိသန္ဓိံ၊ ပဋိစ္စသမုပ္ပါဒံ ဇာနာတိ ပဿတိ၊ အညာတံ ပဋိဝိဇ္ဈတိ၊ တံဉာတဋ္ဌေန ဉာဏ ပဇာနနဋ္ဌေန၊ ပညာတေနဝုစ္စတိ၊ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိ ဉာဏံ။

ဣတိ၊ ဤသို့၊ စတုသင်္ခေပေ၊ အလ္လာလေးပါးရှိသော၊ ဣမေ ထယောအဒ္ဓေ၊ ဤကာလသုံးပါး၌၊ ဝီသတိယာ အာကာရေဟိ၊ အခြင်းအရာ ၂၀ တို့ဖြင့်၊ တိသန္ဓိံ၊ အစပ်သုံးပါး ရှိသော၊ ပဋိစ္စ သမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို၊ဇာနာတိ ပဿတိ၊ သိမြင်၏၊ အညာတံ၊ မသိမြင်ဘူးသော ပဋိစ္စသမုပ္ပါဒ်အာရုံကို၊ ပဋိဝိဇ္ဈတိ၊ ထိုးထွင်းသိမြင်၏၊ တံ- ထိုသို့မြင်ခြင်းသည် ဉာတဋ္ဌေနဉာဏံ၊ ဉာတဉာဏ်လည်း မည်၏၊ ပဇာနန ဋ္ဌေနပညာ၊ ပဇာနန ပညာလည်းမည်၏၊ တေန ထို့ကြောင့်၊ ပစ္စယပရိဂ္ဂဟေပညာ၊ နာမ်,ရုပ်၏ အကြောင်းကို သိမ်း ဆည်းသောပညာကို၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ရှင်းလင်းချက်။ ။ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတာက ပါဠိလို၊ မြန်မာလိုပြန်တော့- ယုံမှားခြင်းစင်ကြယ်တာ၊ ပစ္စယကအကြောင်း၊ ပရိဂ္ဂဟက သိမ်းဆည်းခြင်း၊ ဉာဏက အသိဉာဏ်၊ ပေါင်းတော့ အကြောင်းသိမ်းဆည်းသော ဉာဏ်တဲ့၊ ဒီလိုဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရား နှစ်ပါးဟာ၊ ထိုင်နေရင် ထိုင်နေတယ်, ထိုင်နေတယ်လို့ မှတ်ဆဲခဏ သိဆဲခဏမှာ၊ မှတ်-သိ-ဆိုတဲ့ သတိနဲ့ ပညာဝင်နေလို့ ကင်းကင်းနေ ခြင်းကြောင့်၊ မဟာသောတာပန် အစစ်မဖြစ်သေးသော်လဲ၊ စူဠ သောတာပန် စခန်းတော့ ရောက်ပြီဆိုရမယ်။

၁။ ဒိဋ္ဌိကပ်ခွါ၊ နေသောခါ၊ သောတာစူဠသာ။

၂။ ဒိဋ္ဌိပျောက်ကွာ၊ ဝိစိဟာ၊ ပါခါသွားသည်သာ။

၃။ သောတာစူဠ၊ ဖြစ်လေက၊ မကျအပါယ်ရွာ။

ဟော.... ဘယ်လောက် အကျိုးရှိပြီလဲ။

(ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော။ ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓ ပတိဋ္ဌော နိယတဂတိကော၊ စူဠသောတာပန္နော နာမ ဟောတိတဲ့)၊ ဝိသုဒ္ဓိမဂ်မှာ ဟောတော်မူတယ်။

ဤဉာဏ်မျိုးရောက်တဲ့အခါ၊ ဘုရားသာသနာမှ သက်သာရာ ထောက်ရာတည်ရာရ၍၊ အပါယ်ကိုပေါက်လွှတ် ဒယကြမ်း ဘယမ်း ဘတာ ဖရိုဖရဲမကျဘဲ၊ ခိုင်မြဲသော ဂတိရှိတဲ့ သောတာပန် အငယ် စားကလေးဖြစ်ရောတဲ့၊ ဘယ်လောက် အားကျစရာ လိုချင်စရာ

ကောင်းသလဲ၊ ကိုင်း-ဒါဖြင့် အခါရှိတုန်း၊ အခန့်သင့်တုန်း၊ ကမ္မဋ္ဌာန်း အလုပ်စခန်း အဆင်သင့်ရှိတုန်း အားထုတ်ကြ၊ ပေါ့မနေကြနဲ့လို့ သတိပေးပါတယ်။

## သမ္မသနဉာဏ်ဖေါ်ခန်း

ကဲ- တထစ်တက်ပြန်တော့ သမ္မသနဉာဏ် မဟုတ်လား....၊ ခန္ဓာဓိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသန ဉာဏ်တဲ့။

အဲဒီ အဆင့်အတန်း ရောက်တဲ့အခါ၊ ရုပ်,နာမ်,ခန္ဓာ,ဆိုတာ ဘာလဲ၊ ဘယ်ရုပ်ကိုသုံးသပ်ရမလဲဆိုတော့ အရင်းခံဖြစ်တဲ့မဟာဘုတ်ကြီးလေးပါး၊ ထိုမဟာဘုတ်ကိုမှီ၍ဖြစ်တဲ့ ဉပါဒါရုပ် ၂၄ ပါးဟူသော သဘောတရားတွေဆိုတဲ့ ရုပ်ခန္ဓာရုပ်အစုံအပေါင်း၊ ထိုရုပ်တရားများ အနက်၊နှလုံးသားဆိုတဲ့ ဟဒယဝတ္ထု၏ အကြည်ဓါတ်မှာ မှီပြီးဖြစ်တဲ့ သိမှုအစရှိတဲ့ နာမ်ခန္ဓာ၊ နာမ်အစုပေါင်း တရားတို့သာလျှင် အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပါန်၊ အဇ္ဈတ္တ၊ဗဟိဒ္ဓ၊ဩဠာရိက၊သုခုမ၊ ဟီန၊ ပဏီတ ဒူရ၊ သန္တိကစတဲ့ အတိတ တိတ်ဖြင့်ရင်း၊ အဇ္ဈတ္တစတဲ့ ဒုက်လေးပါးတို့ ဖြင့်ရင်း၊ အဲဒီအရာဌာန ဩကာသအားဖြင့် တဆယ့် တရာသီ အတွင်းမှာ မိမိတို့ လက္ခဏာအားဖြင့် ဖြစ်ပေါ်နေတဲ့ တရားအစု အပေါင်းအပေါ်၌ ထိုင်နေဆဲခဏ ထိုင်နေတယ်,ထိုင်နေတယ်လို့မှတ်-မှတ်၊ သိ,သိနေတဲ့ ထိုင်ရုပ်အမူအရာဟူသမျှ ရုပ်တရားစု အားလုံးဟာ ဖြစ်ပြီးလျှင် ပျက်တတ်၍၊ မမြဲသောသဘော အနိစ္စ- အနိစ္စ၊ သည်လို ဖြစ်လိုက်, ပျက်လိုက်, ဖြစ်နေတဲ့ မရဏဘေးနှင့် မကင်းခြင်းကြောင့် ဒုက္ခ-ဒုက္ခ၊ ကိုယ့်အလိုသို့မလိုက် အစိုးမရ၊ အနှစ်သာရ မရှိခြင်း

ကြောင့်၊ အနတ္တ, အနတ္တလို့ ထိုင်နေဆဲအခါ မှတ်,မှတ်နေလို့ အာရုံ ရတဲ့အခိုက်အတန့်၊ ထိုရတဲ့ အာရုံကို သုံးသပ်နေခြင်းဟာ သမ္မသန ဉာဏ်ဘဲ၊ အတိတ်, အနာဂါတ်, ပစ္စုပ္ပါန်ရုပ်ဆိုတာ ဘယ်လိုဝေဘန်ရ မလဲဆိုလျှင်၊အကျဉ်းဆုံးအားဖြင့် "ဉပါဒ်—ဌီ—ဘင်" လို့ ခေါ်ဆိုရတဲ့ ခဏငယ်သုံးချက်ထဲမှာ ဌီခဏ, တည်ဆဲရုပ်ဟာ ပစ္စုပ္ပါန်ဘဲ၊ ထို ပစ္စုပ္ပါန် ခဏမှ အရင် ဉပါဒ်အစ- ဖြစ်ပြီးတဲ့ ရုပ်ဟာ အတိတ်ရုပ်၊ နောက်ဘင်အစ, ပျက်လတံ့ ပျက်ဆဲဖြစ်တဲ့ရုပ်ဟာ အနာဂါတ်ရုပ်ဘဲ၊ မိမိ၏ကိုယ်ခန္ဓာမှာ ဖြစ်တဲ့ ရုပ်ကိုအဇ္ဈတ္တ၊ မိမိမှတပါးသောသူ၏ ကိုယ် ခန္ဓာကာဗဟိဒ္ဓ၊ ရင်းပြင်ရုံ့ ရင်းတဲ့ရုပ်ကို ဩဠာရိက၊ သိမ်မွေ့တဲ့ရုပ် သုခုမ၊ ယုတ်သောရုပ်ကို ဟီန၊ အရိုအသေပြုအပ်တဲ့ မြတ်သောရုပ်ကို ပဏီတ၊ ဝေးသောရုပ်ကိုဒူရ၊ နီးကပ်သောရုပ်ကို သန္တိက၊ အဲဒီလိုလဲ မှတ်၊ ဥပမာ- ထိုင်နေဆဲအခိုက်အတန့် ထိုင်တယ်,ထိုင်တယ်လို့ မှတ် နေတုန်း သိနေတုန်း တခုခုအသံကိုကြားရ၍ ၎င်းကြားရာသို့ အာရုံ ရောက်သွားတယ်ဆိုပါတော့၊ အဲဒီအသံဟာ ရွံစရာကောင်းတဲ့ အသံ ဘဲ၊အနီးအနားအသံဘဲ ဘလူ့အသံဘဲ ခုကြားဆဲအသံဘဲလို့၊ အဲဒီလို မှတ်မှတ်၊သိသိ လိုက်ထာပင် ရုပ်တရားစုကို အနိစ္စအခြင်းအရာ၊ ဒုက္ခ အခြင်းအရာ အနတ္တ အခြင်းအရာအားဖြင့် သုံးသပ်တယ်လို့ ဆိုပါ တယ်၊ အာရုံကျခိုက် အခိုက်အတန့်ကို ဆိုတာနော်....။

သုံးသပ်ပုံက- အတိတ်ဖြစ်တဲ့ ရုပ်ဟာလဲ အတိတ် ဘဝမှာဘဲ ချုပ်ငြိမ်း ကွယ်ပျောက်ကုန်တာဘဲ၊ ဒီပစ္စုပ္ပါန် ဘဝကို ပါမလာဘူး၊ ပစ္စုပ္ပါန်ရုပ်တွေလဲဒီပစ္စုပ္ပါန်ဘဝမှာပင်ချုပ်ပျောက်ကွယ်ပျောက်ကုန် တာဘဲ၊ နောက်ဘဝကိုရောက်သွားတာမဟုတ်ဘူး၊နောက်ဖြစ်မဲ့-မဖြစ် သေးတဲ့ ဖြစ်လတံ့ဆိုတဲ့ ရုပ်ဟာလဲ နောက်အနာဂါတ် ကာလမှာ

ဖြစ်ပေါ်မှာဘဲ၊ အနာဂါတ်မှာ ဖြစ်တဲ့ရုပ်ဟာ အနာဂါတ်မှာ ချုပ်ဦးမှာဘဲ၊ အနန္တရဘာဝမှ အခြားသော နောက်တဘာဝကို ရောက်မှာ မဟုတ်၊ ကိုယ့်အဇ္ဈတ္တရုပ်ဟာ ကိုယ့်အဇ္ဈတ္တအတွင်းမှာဘဲ ပျက်မှာဘဲ ဗဟိဒ္ဓရုပ်လဲ ထို့အတူ။

အဲ့ဒီလိုတဆဲ့တရာသီအလျောက် ဆိုင်သင့်ရာရာ သုံးသပ်ဖို့ပေါ့၊ ဘယ်အာရုံမဆို သက်ဆိုင်ရာအကြည်ဓါတ်နှင့် တိုက်ဆိုင်ကြုံတွေ့တိုင်း အသိဝိညာဏ်စိတ်တွေ့ သိမှုသဘောတွေ ဖြစ်လာရော၊ ဥပမာ-လျှပ်စစ်လက်လိုက်သည့်အခါ ဝင်းကနဲဆိုတဲ့ အလင်း ပေါ်ပြီးလျှင် ချက်ချင်းပျောက်သွားသလို၊ လျှပ်စီး လက်လိုက်ပျောက်လိုက်၊ လက်လိုက်ပျောက်လိုက်၊ အဲဒါ ကိုယ်တိုင် တွေ့မြင်ဘူးကြတာဘဲ၊ အဲဒီလို အာရုံနှင့် အကြည်ဓါတ်ဆုံတွေ့တဲ့အခါ အသိသဘောတွေ တဖွါးဖွါး ပေါ်ပေါ်က် လာပြီးနောက် ပျက်ပျက် ပျောက်ပျောက်သွားတယ် ဆိုတာ တွေးတောနေဘို့မလိုဘူး ကိုယ်တွေ့ဘဲ၊ အဲဒါသိမှုဆိုတဲ့နာမ်တရားတွေကို အနိစ္စလို့မြင်တာဘဲ၊ ဒီလိုဖြစ်လိုက်ပျက်လိုက် မမြဲတဲ့သဘောဟာ စင်စစ် သက်သာခွင့်မရ၊ သေဘေးနှင့်အမြဲနှိပ်စက်နေတဲ့ ဒုက္ခတရားဘဲ၊ပုဂ္ဂိုလ်သတ္တဝါ ငါဘဲ့သူဘဲဟု စွဲလမ်းစရာမဟုတ်၊ အစိုးမရ အလိုမလိုက်တဲ့ အနတ္တသဘောဘဲလို့ ထင်မြင်လာရော မဟုတ်လား....။

ဒီလိုသုံးသပ်ခြင်း မြဲမြံခိုင်ခန့်အောင် အနိစ္စ လက္ခဏာ ဆယ်ပါး၊ ဒုက္ခလက္ခဏာ ၂၅ ပါး၊ အနတ္တလက္ခဏာ ငါးပါးစတဲ့တောလေး ဆယ်ဆိုတဲ့ ဘာဝနာ လေးဆယ်နှင့်လဲ သုံးသပ်၊ ပဋိသမ္ဘိ စုတိ၏

အပိုင်းအခြား ဖြင့်သော်ရင်း၊ အရွယ်သုံးပါး အရွယ်ဆယ်ပါးတို့၏ အပိုင်းအခြားဖြင့်သော်ရင်း။

"သုံး၀ ဥတု ရတု ခြောက်ဖြာ၊ ဒွါဒါမာသ်၊ လဆုတ် လဆန်း ခေါ်မှန်းခုနှစ်နေ့၊ ညဉ့်နေ့နှစ်ဖြာ၊ အခါ ၆ မျိုး၊ တိုးဆုတ်ရွေ့ဘေး၊ ကြည့်ရေးထို့ပြင်၊ ကွေးလျှင်ဆန့်က၊ ဝတ်ကြကိုင်တွယ်၊ စားဘွယ် သောက်မျိုး၊ ခရိုးလျှက်လျှင်၊ ကျင်ငယ်ကျင်ကြီး၊ စွန့်နည်းမချန်၊ သွားပြန်ရပ်ထိုင်၊ ပိုင်ပိုင်အိပ်နိုး၊ ပြောမျိုးဆိပ်စု၊ ရှုရှိုက်မှုက၊ စသည် မျှားစွာ၊ ထိုထိုခါ၌၊ လေးဖြာကြောင်းရပ်၊ မကုန်ပြတ်၍၊ ထပ်ထပ် ဖန်ခါ၊ ဓမ္မတာဖြင့်၊ မြန်စွာအသစ်၊ ဖြစ်ပေါ်ကြလာ၊ ငါးခန္ဓာတို့၊ ပြောင်းခါမလိုက်၊ တသိုက်တရစ်၊ တဆစ်တရပ်၊ တစပ်တခန်း၊ ကြိုး လွန်းရွဲလုံး၊ သီဆက်ကုံးသို့၊ ဂရုံးဂရင်း၊ ဇွတ်အတင်း မငြင်းဆန်သာ ဗြဟ္မာနတ်လူ၊ အဘယ်သူမျှ၊ အာဏာပြ၍၊ မရအဲလျှင်း၊ အိုးကင်း ထက်မှာ၊ နှမ်းပမာဖြင့်၊ မြန်စွာတမဟုတ်၊ တဖြုတ်ဖြုတ်နှင့်၊ ချုပ် ပျက်နေကြ၊ အနိစ္စကြောင့်၊ သုခဟူသည် "မြူမျှမရှိ" မြဲ၏ထင်တာ သတ္တ၀ါလည်း၊ ရှာသော်မရ၊ အနတ္တသာ, မုချဖြစ်ကြပါ တကား။

လို့ဆိုတာလို- အမူအရာတခုမှာဖြစ်တဲ့ ရုပ်တရားစုဟာ၊ တခြားအမူအရာတခုသို့ မပါမူ၍၊ ရွေ့ရွေ့အမူအရာ အတွင်း ၌သာလျှင် အကုန်အစင် ချုပ်ပျောက်လေသောကြောင့်.... အနိစ္စ,အနိစ္စ, စသဖြင့်သုံးသပ်ပေါ့။

လိုရင်းအလုပ် နိဂုံးချုပ်ရလျှင်၊ မြင်သောခဏ၊ ကြားသောခဏ စသည်တို့၏ အခိုက်အတန့် မြင်တယ်၊ ကြားတယ်၊ နံတယ်

စသဖြင့် မှတ်မှတ်နေတဲ့ ယောဂီတို့ဟာ ယခုပြောခဲ့ပြီးတဲ့ ဖြစ်ပြီး ဖြစ်ဆဲ, ဖြစ်လတံ့ အတွင်းအပြင်, အကြမ်းအနုမှစ၍ ၁၁-ရာသီ ၁၁-ဌာနအတွင်းမှာ ပြောင်းလဲပြုပြင်နေတဲ့ ရုပ်အမူအရာ, နာမ်အမူအရာတို့ကို မှတ်တဲ့ခဏ,ခဏ အကြား, အကြားတို့မှာ၊ မှတ်ခဲ့ပြီးတဲ့ ရှေ့သဘော ရှေ့ဌာန၏ ကုန်ခြင်း ပျောက်ခြင်းဟာ မမြဲတဲ့သဘောဘဲ၊ မြဲလျှင်ရွေ့ခြင်းပြောင်းခြင်း၊ ရွေ့လျောပျက်စီးခြင်း မရှိရဘူးပေါ့၊ တည်တန့်နေရမယ် မဟုတ်ဘူးလား။

အဲ-မမြဲလို့သာ မတည်တာပေါ့၊ အဲဒီမတည်တာ ဘာလဲ.... အနိစ္စဘဲမဟုတ်လား၊ ဒီမမြဲတဲ့သဘောပင် ကြောက်စရာကောင်းလို့ ဆင်းရဲတဲ့ဒုက္ခဘဲလို့ဆိုရမယ်၊ ဒီမမြဲတဲ့ ဆင်းရဲတာပင် အနှစ်ကင်းလို့အစိုးမရ အနတ္တလို့ဆိုရတယ်၊ ဒီလိုသုံးသပ်နေတဲ့ အခါ ရုပ်၏ဖေါက်ပြန်မှု,နာမ်၏ညွှတ်မှုဆိုတဲ့ သဘာဝ လက္ခဏာဥပါဒ်- ဌီ-ဘင်ဆိုတဲ့ သင်္ခတလက္ခဏာတို့ကိုလဲ အမှတ်မထား၊ ဒီလိုအမှတ် မထားပေမဲ့- မထင်တာလဲမဟုတ် ထင်လဲထင်ရက်ဘဲ၊ ဝိပဿနာ အညစ် အကြေးလဲ ပျောက် ဝိတက်လဲငြိမ်း၊ သံယောဇဉ်လဲမငြိ အနုသယလဲ ပျက်စီး၊ သမ္မသနဉာဏ်လဲ ပေါက်ရောက်ပြီလို့ ဆိုရမယ်၊ အာရုံအခိုက်အတန့် ပြောတာပါ၊ နှုတ်က အနိစ္စ- ဒုက္ခ- အနတ္တ ရွတ်နေဘို့ မလိုပါဘူး၊ အာရုံရတဲ့အခိုက်တန့် ဉာဏ်မျက်စိဖြင့် မြင်တာကို သုံးသပ်ရုံဘဲ၊ နာမ်တရားကိုလဲ ထိုနည်းတူစွာ သုံးသပ်၊ ရံခါရံခါ ရုပ်တရားကို သုံးသပ်၊ ရံခါရံခါ နာမ်တရားကိုသုံးသပ်၊ အဲဒီလို ထပ်တလဲလဲ သုံးသပ်လျှင် ကြေလယ်ညက်ညော၍ ဉာဏ်ရင့်လာပြီးလျှင် သမ္မသနဉာဏ်စခန်း ပြီးဆုံးခြင်းသို့ရောက်ပါရော။

## ဥဒယဗ္ဗယဉာဏ် ပေါ်ခဏ်း

အဲဒီသမ္မသနဉာဏ်ပြီးတော့၊ ဥဒယဗ္ဗယဉာဏ် တက်ရမယ်၊ တက်ပုံက ထိုင်ဆဲအခိုက်အတန့် ထိုင်တယ့်ထိုင်တယ့် စသဖြင့်၊ မှတ်မှတ်၊ သိသိနေတုန်း၊ မှတ့်မှတ်၊ သိ့သိ နေဆဲခဏ၊ ရုပ်အမူအရာတွေဟာ ပေါက်ပြန်လို့ ဟိုပြောင်းသည်ပြောင်း လုပ်ရတာကိုလဲ မှတ့်မှတ်၊ သိ့သိနေခြင်းဟာ ဖြစ်ပျက် နှစ်မျိုးစလုံး သိခြင်းဘဲ၊ အဖြစ်က ဥဒယ၊ အပျက်က ဝယ၊ နှစ်ခုပေါင်းတော့ ဥဒယဗ္ဗယ.... "ဖြစ်ပွါးပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်တဲ့"၊ သန္တတိ ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်ဖြစ်တဲ့ ရုပ့်နာမ် ဓမ္မတို့၏ ပေါက်ပြန်ခြင်းကို အဖန်တလဲလဲ ရှုခြင်း၌ ဖြစ်တဲ့ဉာဏ်ဟာ၊ ဖြစ်ခြင်းပျက်ခြင်း နှစ်မျိုးစလုံးကို ရှုတဲ့ ဉာဏ်ဘဲ။

အဲဒီ ဖြစ်ပျက်သဘောကို ခန္ဓာငါးပါးနှင့် ခွဲကြည့်၊ အာယတန တဆယ့်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါး၊ ဣန္ဒြေနှစ်ဆယ့်နှစ်ပါး ပဋိစ္စသမုပ္ပါဒ်ဆယ်ပါး၊ သစ္စာစသဖြင့် သိသထက်သိအောင် ထပ်တလဲလဲအားထုတ် နှလုံးသွင်းရမယ်တဲ့။

အဲဒီလို နှလုံးသွင်းဖန် များတော့ ဒီရုပ့်နာမ် တရားတွေဟာ ရှေးကမဖြစ်ဘူးပေမဲ့၊ ယခုမှအသစ်ဖြစ်တယ်၊ ဖြစ်ပြီးတဲ့ တရားတွေလဲ အရှေ့မတည်၊ ရုတ်တရက် ချက်ချင်းဆိုသလို ချုပ်ငြိမ်း ပျောက်ပျက်သွားတာဘဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် မြင်လာမယ်။

ဘယ်လို မြင်လာမလဲဆိုလျှင် ဖြစ်ပေါ်လာတဲ့ ရုပ့်နာမ်တရားစုဟာ ဖြစ်ရုံမျှမဟုတ်၊ ဖြစ်ပြီးပျက်ပျက်သွားတာ ဘယ်လိုလဲ၊ ဥပမာ-

ဆိုရလျှင် မနက်မိုးလင်းကျနေတဲ့ဆီးနှင်းပေါက်တွေ နေထွက်လာတာနှင့်တပြိုင်နက် သွေ့ခြောက်သွားသလို၊ မိုးရွာတဲ့အခါကျတဲ့ ရေပေါက်ရေပွက်တွေလို ရေထဲမှာရေပေါ်မှာ ရေးခြစ်လိုက်တဲ့ အရေးအသားဟာ ရှေ့ကရေးသွား- နောက်က ပျက်လိုက်သလို၊ အပ်နဖါးထွင်းတဲ့ ဆောက်ဖျားပေါ်ကို ချလိုက်တဲ့ မုံညင်းစေ့ ကလေးလို.... လျှပ်စစ်ပြက်သလို အင်မတန်တိုလှတဲ့ခဏတာကလေးမျှတည်ပြီးလျှင် ပျက်သွားတာဘဲလို့ ထင်ရမယ်၊ ဒါတွင် မကသေးဘူး အနှစ်သာရဘာမျှမရှိတဲ့ မျက်လှည့်- တံလျှပ်- ရေမြှုပ်- အိပ်မက်- ငှက်ပြောတုံးကဲ့သို့အနှစ်မပါ ဗလာသက်သက် အသုံးမကျတဲ့ တရားစုဘဲဟု ထင်လာရမယ်။

အဲဒီ ဥဒယဗ္ဗယ ဉာဏ်စခန်းမှာ၊ စကြိုနှင့် တဲ့ဖက်လို့ ကြည့်မယ်ဆိုလျှင် "နှုတ်- ဆောင်- ရှောင်- လွှဲ- ဖိ- နှိပ်" ဆိုတဲ့ ၆–ဌာန ၆–မျိုးမှာ တဌာနစီ၊ မှတ်စ, သိစ, ပစ္စုပ္ပါန်, ဖြစ်ချက် (ဥဒယ) မှတ်ဆုံး,သိဆုံး,ပျက်ချက် (ဝယ)တို့ကို အထပ်ထပ်မြင်အောင် သတိစိုက်ဘို့လိုတယ်။

ယံကိဉ္စိ၊အလုံးစုံသော တောဘူမကာ တရားသည်၊ သမုဒယဓမ္မံ ဖြစ်ခြင်းသဘောရှိ၏၊ တံသဗ္ဗံ၊ ထိုဖြစ်ခြင်း သဘော ရှိသောတရားဟူသမျှ အားလုံးသည်၊ နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏တဲ့။

အဲဒီ မှတ်မှု,သိမှု, ဉာဏ်အမြင် ပိုင်နိုင်ပါမူ၊ ဥဒယဗ္ဗယဉာဏ်စခန်း အောင်မြင်တော့တာဘဲတဲ့၊ အဲဒီလို ဉာဏ်အမြင်ရောက်တဲ့အခါ၊ လက်ဦးအစ နုသေးတဲ့ တရုဏဝိပဿနာဉာဏ်ကို ရတာကြောင့်

အာရဒ္ဓဝိပဿကာ ယောဂီလို့ ခေါ်ရတော့တာဘဲ၊ အဲဒီ နေရာမှာ ရှေ့လောကြီးနှင့် ဘင်္ဂဉာဏ်တက်ရအောင် ပြင်းထန်စွာ အားထုတ်လေ့ရှိတဲ့ ယောဂီပုဂ္ဂိုလ်မှာ ဝိပဿနာကို ညစ်ငြူး စေတတ်တဲ့.... ဥပက္ကိလေသ တရားဆယ်ပါး ဖြစ်တတ်တယ်တဲ့၊ ဘယ်ဆယ်ပါးလဲ ဆိုတော့.... (၁) ဩဘာသ၊ (၂) ဉာဏ်၊ (၃) ပီတိ၊ (၄) ပဿဒ္ဓိ၊ (၅) သုခ၊ (၆) အဓိမောက္ခ၊ (၇) ပဂ္ဂဟ၊ (၈) ဥပဋ္ဌာန၊ (၉) ဥပေက္ခာ၊ (၁၀) နိကန္တိ။

ဩဘာသဆိုတာ၊ ဝိပဿနာစိတ်ကြောင့် အာရုံသို့ရောက်တဲ့ ပြိုးပြိုးပြက်ထွက်တဲ့ အရောင်အလင်းကို သာယာပြီးတော့- ဒီလိုငါ့ အားတခါမှမဖြစ်စဘူး၊ ဧကန် မဂ်ရောက်လို့ ဖိုလ်ရောက်လို့ဘဲဟု အလွဲလွဲအချော်ချော် ယူမှားထင်မှား တတ်တယ်၊ အရှင် ဓမ္မဒိန္န အမည်ရတဲ့ ရဟန္တာအရှင်မြတ်သည်၊ မိမိ၏ ရှေးရှေးက ဆရာဖြစ်ဘူး တဲ့ မဟာနာဂဆိုတဲ့ မထေရ်ကြီးဟာ မိမိသွား၍မချွတ်လျှင် ပုထုဇဉ် အဖြစ်နှင့်ဘဲ သေရှာတော့မှာဘဲလို့ မြင်တဲ့အတွက်၊ ဈာန်တန်ခိုးဖြင့် ကောင်းကင်မှလာရောက်၊ မထေရ်ကြီးအနားသို့ သက်ဆင်းပြီးတော့ ရှိခိုးဝတ်ပြုပြီးနေတာကို မထေရ်ကြီး မြင်တဲ့အခါ၊ ဘာကြောင့်လာ သလဲလို့မေး၊ သည်တော့- အရှင်ဘုရားကို ပြဿနာ မေးလိုပါ၍ဟု လျှောက်ပြီးတော့ (ပြဿနာတထောင်)ကို မေးတယ်တဲ့၊ မေးတာ တွေလဲ ထစ်ထစ်ငေါ့ငေါ့မရှိ လွယ်လွယ်ကူကူ မြန်မြန်ဘဲ ဖြေဆိုနိုင် တယ်၊ သည်တော့ ဓမ္မဒိန္နအရှင်မြတ်က- အရှင်ဘုရား ဉာဏ်အင်မတန် ကြီးပါပေတယ်၊ ဒီတရားတွေ ဘယ်တုန်းက ရရှိပါသလဲ ဘုရားလို့ မေးတော့၊ ဟိုလွန်ခဲ့တဲ့ အနှစ် ခြောက်ဆယ်တုန်းက ရခဲ့တာဘဲတဲ့၊ သည်လိုဖြေပြန်တော့၊ အရှင်ဘုရား....အရှင်ဘုရား အဘိညာဉ်သမာဓိ

ကိုကော သုံးဆောင်နိုင်ပါရဲ့လားလို့ တဆင့်တက် မေးလျှောက်ပြန်တယ်တဲ့၊ သည်တော့မထေရ်ကြီးက ငါ့မှာ ဝန်မလေးဘူးလို့ ဆိုတော့ ဒါဖြင့်ဘုရား.... ဆင်ကြီးတကောင် ဖန်ဆင်းပြစမ်းပါ.... တပည့်တော် ကြည့်ချင်လို့ပါလို့ဆိုတော့၊ အင်မတန် ကိုယ်လုံးဆွတ်ဆွတ်ဖြူတဲ့ ဆင်ဖြူတော်ကြီး ဘန်ဆင်းပြရော ဆိုကြပါစို့။

ဒါဖြင့်ဘုရား.... ဒီဆင်ကြီးကတော့ ငြိမ်ချက်သားကောင်းလှပါတယ်၊ အမြီးထောင်ပြီး နှာမောင်းကိုပါးစပ်ထဲသွင်း၍ ကြောက်မက်ဖွယ်ကောင်းအောင် အော်လျက်၊ တပည့်တော်တို့၏ အနားကို တဲ့တဲ့ကြီးလာပါစေ၊ အဲသည်လို လာအောင် လုပ်ပြစမ်းပါ ဟု လျှောက်ပြန်တော့၊ လျှောက်တဲ့အတိုင်း လုပ်ပြတာပေါ့၊ သည်တော့ ထိုမထေရ်ကြီးဟာ တခါထဲ အစွယ်နှင့် ထိုးမဲ့သဏ္ဌာန်မျိုးနှင့် အရှိန်ကြီးနှင့်လာတဲ့ အင်မတန် ကြောက်ဘို့ကောင်းတဲ့ ဆင်၏အမူအရာကို မြင်တဲ့အခါ၊မထေရ်ကြီးဟာသက်နိုးမနိုင်ဘာမနိုင်ထွက်ပြေးမယ်လုပ်တော့....ဓမ္မဒိန္နရဟန္တာအရှင်မြတ်ကမထေရ်ကြီး၏သင်္ကန်းစွန်းကိုကိုင်ပြီး "ရဟန္တာများဟာသည်လိုဘဲ ကြောက်လန့်ရသေးသလားဘုရား" လို့လျှောက်တဲ့အခါ၊ မထေရ်ကြီးဟာ မိမိသည်ပုထုဇဉ်မျှရှိနေမှုကို ပြန်သတိရပြီး၊ အို—ငါ့ရှင်ဓမ္မဒိန္န၊ ငါ့ကိုသင်ကယ်ပါ....၊ သင်ဟာ ငါ၏ကိုးကွယ်ရာဖြစ်ပါစေဆိုပြီး ဓမ္မဒိန္န ရဟန္တာအရှင်မြတ်၏ခြေရင်းမှာထိုင်တယ်တဲ့၊ သည်တော့- အရှင်ဘုရား ဘာမှမစိုးရိမ်ပါလင့်— အရှင်ဘုရားကို သတိပေးဘို့သက်သက်လာခဲ့ပါတယ်ဆိုပြီး ကမ္မဋ္ဌာန်းတရားကိုဟောတယ်တဲ့၊ မဟာနာဂမထေရ်ကြီးဟာ ကမ္မဋ္ဌာန်း ယူပြီး စင်္ကြံလျှောက်ရာ နှစ်လှမ်းလှမ်းပြီး၊ နောက်လှမ်းမဲ့ သုံး လှမ်း မှာ အရဟတ္တဖိုလ်ကို ရောက်တယ်တဲ့။

စင်္ကြံနှင့်တွဲဖက်ပြီး နှလုံးသွင်း ခြင်းဟာ၊ အကျိုးရှိပုံကလေး တယ်မှတ်ဘို့ကောင်း၊ ကျွန်တော်တို့ ယောဂီတွေလဲ ဒီစင်္ကြံအလုပ်ကို လက်မလွှတ်ကြဘို့၊ စင်္ကြံလျှောက်တဲ့အခါတွင်မဟုတ်၊ လမ်းလျှောက်ရဘယ်နေရာမဆို သွားတိုင်း, သွားတိုင်း၌ သတိကလေး စိုက်ဘို့ဟယ်ကောင်း၊ ကျွန်တော်တို့လို နေ့စဉ်နေ့တိုင်း ဘုရားတက်ရ၀တ်ပြုရတဲ့အလုပ်ရှိသူများ၊ ဘုရားသို့ ခြေခြင်လျှောက်သွားရင်း၊ သွားတယ်, သွားတယ်ဟု မှတ်-မှတ်၊ သိ,သိနေအောင် သတိအမြဲထားဘို့လိုပါတယ်၊ "ပညာရှိသတိဖြစ်ခဲ" ဆိုသလို၊ ထပ်မံ၍ သတိပေးနှိုးဆော်ခြင်းကို အပြစ်မပြု သည်းခံကြစေလိုပါတယ်။

သည်မထေရ်ကြီးဟာ ဒေါသစရိုက် အားကြီးလို့ ဝိပဿနာအရောင်အလင်းမှာ တုန်လှုပ်တယ်၊ ဒါကြောင့်- ကမ္မဋ္ဌာန်းဆရာလိုတယ်လို့ဆိုလိုပါတယ်၊ သည်လို ဩဘာသ,စတဲ့ အရောင်အလင်းပညတ်အာရုံတွေ ထင်လာလျှင်၊ ဆရာမိန့်မှာတဲ့အတိုင်း ဩဘာသဆိုတဲ့တရားဟာ မြဲတဲ့တရားမဟုတ်၊ ကုန်တတ်, ပျောက်တတ်, ပျက်တတ်၊ ကင်းတတ်, ချုပ်တတ်သော သဘောရှိတဲ့ အနိစ္စတရားဘဲ၊ နိကန္တိတဏှာလဲငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ အနတ္တတရားဘဲ စသဖြင့် အဖန်တလဲလဲရှုလျှင်၊ ဒီဩဘာသ စသည်တို့ကြောင့် တုန်လှုပ်စရာချောက်ချားစရာ၊ စိတ်ပျံ့လွင့်စရာတွေ မရှိဘူးတဲ့၊ သည်လိုမပျံ့လွင့်သဖြင့် မှန်သောဥဒယဗ္ဗယာ၊ နုပဿနာ၏ အာနုဘော်ကြောင့်ဉာဏ်ဟာ မင်္ဂရောက်ကြောင်း လမ်းအမှန်ဘဲလို့ ဆုံးဖြတ်နိုင်တယ်၊ ဒါကြောင့်- မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်တယ်၊ မြန်မာလို- မင်္ဂဟုတ်သည် မဟုတ်သည်ကို သိတတ်,မြင်တတ်တဲ့ဉာဏ်၏ စင်ကြယ်ခြင်းလို့ခေါ်ပါတယ်။

ဒီကဲ့သို့- ဉာဏ်ရင့်လာလျှင် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ရလို့ ရှေးဦးစွာ နာမ်ရုပ်ကို ပိုင်းခြားမှတ်သားတဲ့အတွက်၊ ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သားခြင်းကိုပြုတယ်တဲ့၊ ကင်္ခါရဝိတရဏဝိသုဒ္ဓိဉာဏ်ရလို့ ရုပ်ဖြစ်ခြင်းအကြောင်း၊ နာမ်ဖြစ်ခြင်းအကြောင်း သိမ်းဆည်းတဲ့အတွက်၊ သမုဒယသစ္စာကို ပိုင်းခြားမှတ်သားခြင်းကို ပြုတယ်တဲ့၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိရလို့ မဘောက် မပြန် အရိယာမဂ်၏ အကြောင်းဖြစ်တဲ့ လောကီမဂ်ကို ပိုင်းခြားမှတ်သားတဲ့ အတွက် မဂ္ဂသစ္စာကို ပိုင်းခြားမှတ်သားခြင်းအမှု ပြုတယ်လို့ဆိုလိုပါတယ်၊ သည်လို လောကီဉာဏ်ဖြင့်လက်ဦးအစ သစ္စာ သုံးပါးကို ပိုင်းခြား မှတ်သား နိုင်လာတော့တာဘဲ၊ အဲဒါဟာ ဥဒယဗ္ဗယဉာဏ် ပေါ်လာပုံ အချုပ်ပါဘဲတဲ့။

## ဘင်္ဂဥာဏ်ပေါ်ခဏ်း

ကဲ— တဆင့် တက်ကြစို့၊ တဆင့်တက် ဆိုရင် ဘင်္ဂဥာဏ် မဟုတ်လား၊ ဘင်္ဂဥာဏ်ဆိုတာက ပါဠိလို၊ မြန်မာလို ပြန်တော့— အပျက်ကို သိတဲ့ဥာဏ်ဘဲ၊ ဒီ— ဘင်္ဂဥာဏ် ထင်မြင်ရန် လုပ်ဖို့ဟာ သည်လိုဘဲ၊ ထိုင်နေဆဲ အခိုက်အတန့် ထိုင်တယ်, ထိုင်တယ်၊ စင်္ကြံ လျှောက်ဆဲအခိုက်အတန့် စင်္ကြံလျှောက်တယ်, စင်္ကြံလျှောက်တယ် လို့ မှတ်,မှတ်နေ၊ သိ,သိနေ၊ သိမှုသဘော အသိတွေ စိပ်,စိပ်လာပြီး လျှင်၊ ရိပ်ရိပ်,ရိပ်ရိပ်နဲ့ ရုပ်အမှုအရာပျက် အသိသဘော၊ နာမ်အမှု အရာပျက် အသိသဘောတွေကို မြင်,မြင်လာလိမ့်မယ်။

ဘယ်လိုမြင်မလဲဆိုလျှင် ခန္ဓာငါးပါးအစုပေါင်းဟာဖြစ်ပေါ် ပြီးလျှင် အရှည်မတည်၊ ချက်ခြင်းပင် ပျက်စီးတတ်ခြင်းကြောင့်၊ မြဲ သောတရားမဟုတ်၊ ဖြစ်ခြင်းပျက်ခြင်းနှင့် အမြဲဘောက်ပြန် တတ် တဲ့ သဘောတရားတွေဘဲ၊ ဒါကြောင့် အနိစ္စတရားလို့ ခေါ်တယ်၊ ဒီ လိုဖြစ်ခြင်းပျက်ခြင်းဖြင့် အဖန်တလဲလဲ အမြဲနှိပ်စက် ညှင်းဆဲခြင်း ကြောင့် ဒုက္ခတရားဘဲ၊ ဘယ်သူ့အလိုမှ မလိုက် အစိုးမရ၊ အနှစ် မဲ့ခြင်းကြောင့် အနတ္တတရားဘဲ။

အဲဒီလို ဥာဏ်အမြင်ပေါ်လာမယ်၊ အနိစ္စတရားကို သန္တတိ အစဉ်ကြီးကဖုံးလွှမ်း၊ ဒုက္ခတရားကို ဣရိယာ ပထကဖုံးလွှမ်း၊ အနတ္တ တရားကို အစိုင်အခဲဆိုတဲ့ ဃနက ဖုံးလွှမ်းထားတာ၊ ယခုလိုဥာဏ် ရင့်လာတော့ မဖေါက်မပြန် ဟုတ်တိုင်း မှန်စွာ မြင်လာရော မဟုတ် လား၊ထိုင်မှု,ထိုင်ဆဲ၊ ထမှု,ထဆဲ၊ စင်္ကြံလျှောက်မှု စင်္ကြံလျှောက်ဆဲ

အခိုက်အတန့် ရုပ်အမူအရာတို့ကို သိ,သိနေအောင် သတိနှင့် မှတ်မှတ်နေခြင်းကြောင့် ရတဲ့အာရုံ၊ ထိုအာရုံကို အဖန်တလဲလဲ ရှုခိုက်၊ ညောင်းညာကိုက်ခဲ အစရှိတဲ့ ခံသာမခံသာမှု ဝေဒနာသဘောမှစ၍ သိမှုမှတ်မှု နာမ်ခန္ဓာတို့နှင့်တကွ၊ ရုပ်ခန္ဓာ အပေါင်း၏ ခယ—ဝယဘေဒ နိရောဓ- ကုန်တတ်,ပျက်တတ်, ပြိုတတ်, ချုပ်တတ်တဲ့သဘောတွေဘဲလို့သိ၊ ဒီသိမှုသဘောဖြစ်တဲ့ စိတ်လဲဖြစ်ပြီး၍ ပျက်၏ဟုသိ၊ ရုပ်ဆိုတဲ့အာရုံကိုလဲ ဆင်ခြင်၊ ၎င်းရုပ်၏ပျက်မှုကိုလဲ သိအောင်နှလုံးသွင်း၊ ထိုနှလုံးသွင်းလို့သိတဲ့ အသိသဘော ဉာဏ်၏ ပျက်မှုကိုလဲ နောက်စိတ်ကလိုက်၍ ထပ်မံနှလုံးသွင်း၊ အဲသလို အဖန်ဖန် ထပ်တလဲလဲ နှလုံးသွင်းခြင်းအမှုကို ပြုတော့ ဉာဏ်အမြင် ထက်သထက် ထက်လာရောမဟုတ်လား။

ရုပ်တရားပျက်ပုံ၊ နာမ်တရားပျက်ပုံ၊ ဉာဏ်မျက်စိဖြင့် မြင်ရပုံမှာ၊ ဆီမီးထွန်းထားတဲ့အခါ မီးတောက်မီးစွယ်ကလေးဟာ ရိပ်ရိပ်ရိပ်ရိပ်နဲ့ အပေါ်တက်နေသလို၊ ဦးခေါင်းပေါ်ကို ရေလောင်းချလိုက်တဲ့အခါ အောက်ကို ရေတသွင်သွင် စီးကျသလို၊ အတက်အသက်ဆိုတာမျိုး ဖြစ်နေသကဲ့သို့၎င်း၊ ရေကန်နားမှာ ဖြစ်စေ၊ မြစ်ကမ်းနားမှာဖြစ်စေ၊ ရပ်နေတဲ့အခိုက် မိုဃ်းကြီး သည်းထန်စွာ ရွာချလိုက်တော့ မြစ်ထဲကရေ၊ ကန်ထဲကရေပေါ်မှာ အင်မတန်ကြီးတဲ့ မိုဃ်းပေါက်ကြီးတွေကျလို့ရေပွက်ကြီးတွေဖြစ်ဖြစ်ပြီးပျောက်ပျောက်သွားတာလို၊ မီးပုံကြီးထဲကို ကျရောက်သမျှ အမှိုက်သရိုက်လောင်စာစုအကုန်လုံး မရပ်မနား မီးလောင်၍ ပျက်စီးသွားသလို၊ ရုပ်ပျက်နာမ်ပျက်ကို မြင်မယ်တဲ့၊ အဲဒါ ဘင်္ဂဉာဏ်ဘဲ....၊ "အပျက်ကိုသာ ရှုတုံ့ပါ၊ သညာဘင်္ဂဉာဏ်"တဲ့။

အနုပဿတီတိ ကထံ အနုပဿတိ။ (ပုစ္ဆာ) အနိစ္စတော အနုပဿတိ နော နိစ္စတော၊ ဒုက္ခတော အနုပဿတိ နော သုခတော၊ အနတ္တတော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ၊ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိ၊ နိရောဓေတိ နော သမုဒေတိ ပဋိနိဿဇ္ဇတိ နော အာဒိယတိ၊ (ဝိသဇ္ဇနာ)

ဒီလိုအပျက်ကိုသာမြင်တဲ့ယောဂီအား မှတ်သော အာရုံတိုင်း အာရုံတိုင်း၌ ဘယ်လိုရှုမြင်သလဲတဲ့ မမြဲဟုရှု၏၊ မြဲသဟုမရှု၊ ဆင်းရဲဟုရှု၏၊ချမ်းသာဟုမရှု၊အစိုးမရဟုရှု၏၊အစိုးရသဟုမရှု၊ငြီးငွေ့၏၊မနှစ်သက်၊တပ်မက်ကင်း၏၊မတပ်မက်၊ချုပ်စေ၏၊မဖြစ်စေ၊ တဖန်ကိုစွန့်၏၊ တဖန်ကိုမယူ။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ၊ အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ၊ နိဗ္ဗိန္ဒန္တော၊ နန္ဒိံ ပဇဟတိ၊ ဝိရဇ္ဇန္တော ရာဂံ ပဇဟတိ၊ နိရောဓေန္တော သမုဒယံ ပဇဟတိ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။

မမြဲဟုရှုသည် ရှိသော် နိစ္စသညာကို ပယ်၏၊ ဆင်းရဲဟုရှုသည်ရှိသော်၊ သုခသညာကိုပယ်၏၊ အစိုးမရဟု ရှုသည်ရှိသော်.... အတ္တသညာကိုပယ်၏၊ ငြီးငွေ့သည်ရှိသော် နန္ဒိတဏှာ ကိလေသာကိုပယ်၏၊ တပ်မက် ကင်းသည်ရှိသော် ရာဂတဏှာ ကိလေသာကို ပယ်၏၊ တဖန် ချုပ်စေသည်ရှိသော် တဖန် ယူခြင်း အနုသယကို ပယ်၏၊ တဖန် အနုသယကိုစွန့်သည်ရှိသော် တဖန်ယူခြင်း ပရိယုဋ္ဌာန်ကိုပယ်၏။

ဒီ ဘင်္ဂနုပဿနာဉာဏ်မှာ· အာနိသင် ရှစ်ပါး ရှိတယ်တဲ့။ (၁)မြဲတယ်ဟုယူတဲ့ သညာတဒိဋ္ဌိကို ပယ်နိုင်ခြင်း။ (၂) သေရမှာ မကြောက်ခြင်း။ (၃) ဘာဝနာကို အင်မတန် အားထုတ်ခြင်း။ (၄)အသက်မွေးမှု စင်ကြယ်ခြင်း။ (၅) ကြောင့်ကြဗျာပါရ ပယ်နိုင်ခြင်း။(၆)ဘေးကင်းခြင်း။ (၇) သည်းခံနိုင်ခြင်း။(၈)မတင်းလွန်း မလျော့လွန်းသောမဇ္ဈိမပဋိပဒါ အကျင့်ရှိခြင်း, စသည်တို့ပါဘဲတဲ့....။

အဲဒီအပျက်ကိုချည်း မြင်တဲ့ဉာဏ် ဖြစ်ပြီဆိုမှဖြင့် အထက်ဉာဏ် ၆-ပါးကို ဉာဏ်စဉ်အတိုင်း၊ တခုပြီးတခုလဲ တက်သွား တတ်တယ်။ ဘင်္ဂဉာဏ်က၊ ဟိုအထက်ဆုံး သင်္ခါရုပေက္ခာဉာဏ် ကိုလဲ ရောက်သွားတတ်တယ်၊မုစ္စိတုကမျတာဉာဏ်ကိုလဲ ရောက်သွားတတ်တယ်၊ အာဒီနဝဉာဏ်ကိုလဲ ရောက်နိုင်တယ်။ သူရောက်နိုင်တဲ့ ဉာဏ်စဉ်အရပ်ချည်းဘဲလို့ဆိုပါတော့၊ သို့သော်-အထက်ဆုံးသင်္ခါရုပေက္ခာ ဉာဏ်စဉ်ကို ချက်ခြင်းရောက်သွားတယ်ဆိုပေမဲ့၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်မှစ၍ ဉာဏ်စဉ်အတိုင်း၊ အားလုံးဉာဏ်များကိုရပြီးသိပြီးမှ ရောက်သွားတာဘဲတဲ့။

## ဘယဉာဏ်ဖေါ်ခန်း။

ဘင်္ဂဉာဏ်ပြီး၊ဘယဉာဏ် ဆိုဒါကကိုယ့်စိတ် နှစ်ပါးချမ်းချမ်းသာသာနေခြင်တဲ့လူဟာ ခြသေ့်၊ သစ်၊ ကျား မှစ၍ အင်မတန်ကြောက်စရာကောင်းတဲ့ တောရိုင်းတိရစ္ဆာန်များ၏ ရန်ကိုသော်၎င်း၊ သူဿာန်တစ သင်းချိုင်းဝ၊ စစ်မြေပြင်၊ မိုးကြိုးစက်မှ စ၍၊ အင်မတန် ထိတ်လန့်စရာ ကြောက်စရာကောင်းတဲ့ ဘေးရန်အမျိုးမျိုးကို ကြောက်ရွံ့၍ တထိတ်ထိတ် တလန့်လန့် နေရသလို၊ ဒီရုပ်နာမ်တွေ၏ တပျက်ထဲပျက်နေတဲ့ အဖြစ်ကို မြင်တော့၊ ဒီခန္ဓာကိုယ်၏၊ တည်နေခြင်းကိုပင် အင်မတန် ထိတ်လန့် ကြောက်ရွံ့တယ်တဲ့။ အတိတ်ကခန္ဓာတွေလဲပျက်ပြီးပြီ၊ ယခု ပစ္စုပ္ပါန်ခန္ဓာလဲ ပျက်ဆဲ၊ နောက်ဖြစ်လတံ့ဖြစ်တဲ့ အနာဂါတ်ခန္ဓာလဲ ထိုနည်းတူပျက်ဦးမှာဘဲလို့ ထင်မြင်တဲ့ဉာဏ်ကိုခေါ်တယ်။

ဉပမာဆိုလျှင် မိန်းမ တယောက်မှာ သားသုံးယောက်ရှိသတဲ့၊ ဒီသား သုံးယောက်စလုံး မင်းပြစ်မင်းဒါဏ်နဲ့ အသေသတ်ဘို့အမိန့်ချသတဲ့၊ ထိုသားသုံးယောက်စလုံးသတ်ဘို့ သူသတ်သင်းချိုင်းကိုခေါ်သွားတော့ မအေကြီးပါ လိုက်ပါသွားသတဲ့။

သင်းချိုင်းကိုရောက်၊ သားကြီး၏ ဦးခေါင်းကို ဓါးနှင့်ခုတ်ပိုင်းပြီးသတ်၊ နောက်- သားလတ်ကိုလဲ ထိုနည်းတူစွာ ဓါးနှင့်ခုတ်မယ်လုပ်တုန်း၊ မအေကြီးမြင်ရော....၊ သည်တော့-မအေကြီးက စဉ်းစားတွေးတောတယ်၊ ဩော်.... ငါ၏သားကြီးလဲ ဉက္ခောင်း ဖြတ်ပြီးပြီ၊ သားလပ်၏ ဉက္ခောင်းလဲ ပြတ်မဲ့ဆဲဆဲ၊ သားငယ်လဲ ထိုနည်းတူစွာ ဉက္ခောင်းပြတ်၍ သေရလတံ့ဟု အောက်မေ့ပြီး၊ သားတို့၌ တပ်မက်ခြင်း အာလယ, စွန့်တယ်တဲ့။

အဲဒီ ဥပမာလို သင်္ခါရ တရားတို့၏ ဘင်္ဂ ဆိုတဲ့ ပျက်မှုကို နှလုံးသွင်းခြင်းကြောင့်၊ သင်္ခါရတရားတို့၏ ကြောက်မက်ဘွယ်ထင်တဲ့ဉာဏ်ကို ဘယဉာဏ်လို့ ခေါ်တယ်၊ "အပျက်မြန်က ဘယ မစ္စု၊ ပျက်မှုခပင်း၊ဘေးသေမင်းဟု၊ကြောက်ခင်းထွေထွေ၊ရှုတုံပေ၊မှတ်လေ ဘယဉာဏ်တဲ့...."

## အာဒီနဝဉာဏ်ဖေါ်ခန်း

ဘယဉာဏ်ပြီး ဘာဉာဏ်လဲ၊ အာဒီနဝဉာဏ် မဟုတ်လား၊ ဘယဉာဏ်ကို ပွါးများအားထုတ်ဖန် များတော့၊ ဒီသင်္ခါရ တရားဆိုသမျှ ဘယ်ဒင်းမှ ကောင်းတယ်မထင်၊ အပြစ်အမျိုးမျိုး ရောဂါအမျိုးမျိုး၊ အနာအမျိုးမျိုး စသော မကောင်းတာချည်း၊ သာယာနှစ်သက်စရာ မရှိတာချည်း၊ ပျက်စီးခြင်းနှင့်မကင်းတဲ့ တရားချည်းဘဲဟု မြင်တာကိုဆိုလိုပါတယ်။

ဥပမာ-ဆိုရလျှင် အင်မတန် ကြောက်တတ်တဲ့ ယောကျ်ား တယောက်ဟာ၊ တောရိုင်း သစ်ကျားတွေ အန္တရာယ်အပြားရှိတဲ့ အင်မတန်သာယာတဲ့ တောအုပ်ကြီးထဲရောက်သွားတော့၊အင်မတန်ထိတ်လန့်ကြောက်ရွံ့ပြီး ကြက်သီးမွေးညှင်း ထသလို၊ တောအုပ်ကြီး၏ မကောင်းဘဲအကြောင်း မြင်သလို၊သင်္ခါရတရား၏ အပြစ်တွေကိုမြင်တဲ့ဉာဏ်ဟာ အာဒီနဝဉာဏ်လို့ ခေါ်ပါတယ်။

"ကြောက်ဖွယ်ခပင်း၊ မြင်တိုင်းလျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်"တဲ့။

## နိဗ္ဗိဒဉာဏ်ဖော်ခက်း

ကဲ—သည်အာဒီနဝဉာဏ်ပြီး နိဗ္ဗိဒဉာဏ်၊ ဒီ နိဗ္ဗိဒဉာဏ်ဆို ဒါဟာ၊ တေဘုမ္မက သင်္ခါရတရား အပေါင်း၌ ငြီးငွေ့တဲ့ ဉာဏ်ကို ခေါ်တာဘဲ၊ ဥပမာ— အနောတတ် အိုင်၏အနီး စိတ္တကူဋ် တောင် ခြေရင်းမှာနေတဲ့ ရွှေဟင်္သာ မင်းဟာ၊ မစင်ကြယ်တဲ့ ဒွန်းစဏ္ဍားရွာ အနီး အိုင်ငယ်ကလေးမှာ မပျော်မွေ့ဘဲ၊ အိုင်ကြီး (၇)အိုင် မှာသာ ပျော်မွေ့သကဲ့သို့၊ တရားရတဲ့ ပုဂ္ဂိုလ်ဟာ ဘုံသုံးပါးထဲမှာ ဗြဟ္မာ— လူ-နတ်တို့၏ စည်းစိမ်တို့နှင့် မပျော်မွေ့ဘဲ၊ ဝိပဿနာ တရားနှင့်သာ ပျော်မွေ့သကဲ့သို့၊ သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ အသင်္ခတ ဓါတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ညွတ်သောစိတ် ရှိတာကို နိဗ္ဗိဒဉာဏ်လို့ ခေါ်တယ်၊ ဘယဉာဏ် တပါးထဲကိုပင် ဘေးကိုမြင်၍ ဘယဉာဏ်တဲ့၊ အပြစ်ကိုမြင်၍ အာဒီနဝဉာဏ်တဲ့၊ ငြီးငွေ့သည်ဖြစ်၍ နိဗ္ဗိဒဉာဏ် တဲ့၊ အဲဒီလို အမည်သုံးပါး ရတယ်တဲ့၊ နိဗ္ဗိဒဉာဏ်ဆိုဒါ ပါဠိလို၊ မြန်မာလို ပြန်တော့.... "ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိဒ "တဲ့။

မြင်မှု၊ကြားမှု၊ နံမှု၊စားမှု၊ ထိမှု၊သိမှု၊ လှုပ်မှု၊ရှုမှု၊ မမှုစသည် တို့ကို အာရုံနှင့်တွေ့တိုင်း မှတ်မှတ်နေတဲ့ အခိုက်အတန့် အာရုံကျ ခိုက်၊ ရုပ်နာမ်တို့၏ အပျက်ကိုချည်း မြင်နေရတဲ့အတွက်၊ မနှစ်သက် မနှစ်သက်သဖြင့်ဘေးထင်၊ ဘေးထင်သဖြင့်ကြောက်၊ ကြောက်သဖြင့် ထက်ဝန်းကျင်မှ ပြည့်စုံခြင်းကင်း၊ ပြည့်စုံခြင်းကင်းသဖြင့် သာယာ ခြင်းကင်း၊ သာယာခြင်း ကင်းသဖြင့် အပြစ် ကိုသာမြင်၊ အပြစ်

ကိုမြင်သဖြင့် သခၤါရ အပေါင်းတို့၌ ငြီးငွေ့၏- ပျင်းရိ၏၊ မမွေ့မလျော်မပျော်ပိုက်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဤသုံးဉာဏ်ဟာ အနက်အတူတူဘဲ၊ သဒ္ဒါသာကွဲတယ်။

## မုဉ္စိတုကမျတာဉာဏ်ဖေါ်ခဏ်း

ကဲ— တဆင့်တက် ပြန်တော့၊ ဒီ-နိဗ္ဗိဒဉာဏ်ဖြင့် ငြီးငွေ့ခြင်းကြောင့် သခၤါရ နယ်တွင်းမှ လွတ်လိုချင်တဲ့ စိတ်ရှိတာကို မုစ္စိတုကမျတာဉာဏ်လို့ခေါ်တယ်တဲ့၊ ဥပမာ.... ပိုက်ကွန်အတွင်းမှာ မိနေတဲ့ငါးလို၊ မြွေကိုက်ခံနေရတဲ့ဘားလို၊ ချိုင့်ထဲမှာ အလှောင်ခံနေရတဲ့ကြက်ငှက်လို၊ အလမ္ပါယ်လက်ထဲ ရောက်သည့်မြွေ, စသည်တို့ကဲ့သို့ အနှောင်အဖွဲ့ များမှ လွတ်ချင်ကြသလို၊ သခၤါရ နယ်ထဲမှ လွတ်လို့, ထွက်မြောက်လိုတဲ့ ယောဂီပုဂ္ဂိုလ်မှာ၊ ထိုမုစ္စိတုကမျတာ, ဉာဏ်ဖြစ်တယ်တဲ့၊ "ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာ, ဉာဏ်"တဲ့။

## ပဋိသင်္ခါဉာဏ်ဖေါ်ခဏ်း

သည့်နောက် ဉာဏ်က— ပဋိသင်္ခါဉာဏ်၊ ၎င်းဉာဏ်ကဘာဥပမာနှင့် တူသလဲဆိုလျှင်၊ တံငါတယောက်ဟာ ငါးဘမ်းမယ်လို့ ငါးထောင်တဲ့မြှုံးကို ရေထဲချ၊ မြှုံးဝက လက်ရှိုပြီး နှိုက်ကြည့်မြွေဟောက်မိနေဒါ၊ တယ်ကြီးတဲ့ ငါးပါလားဟုအောက်မေ့ပြီး၊ မြွေ၏လည်ပင်းကို ဆုတ်ကိုင်၍မြှောက်ကြည့်၊ လည်ရေး သုံးရစ်ကိုမြင်မှ မြွေဟောက်မှန်းသိ၊ မိမိကိုယ်ကို အန္တရာယ် ပြုမဲ့ဘေးကို မြင်တဲ့အတွက် ဘမ်းမိတဲ့မြွေကို လွတ်ဘို့စိတ်ကူးပြီး၊ မိမိ၏လက်မောင်းကို

မြွေက ၎င်း၏အမြီးကစပြီး ပတ်ထားဒါကို လက်တဘက်နှင့်ဖြည်ပြီး လျှင်၊ ၎င်းလက်နှင့် အမြီးဘက်ကကိုင်လျက် လက်မောင်းနှစ်ဘက် စလုံးကိုမြှောက်၍ မြွေကိုအားနဲ့အောင်လုပ်ပြီးမှ "ကဲ–မင်းသွားချင် ရာသွားတော့....''လို့ ဆိုပြီး လွှတ်လိုက်ပြီးတဲ့နောက်၊ ကန်ဘောင်ရိုး ပေါ်သို့တက်ပြေးပြီးလျှင်၊ ငါသည် ဤမြွေ၏ ဘေးအန္တရာယ်မှလွှတ်ရ ပေပြီဟု အောက်မေ့တဲ့ ဥပမာလို၊ ဒီတံငါဟာ မြွေကို လက်နှင့် ဆုတ်၍ကိုင်တုန်းက ငါးမှတ်ပြီး နှစ်သက်သကဲ့သို့၊ မိမိ၏ ကိုယ်ခန္ဓာကို နှစ်သက်တဲ့အခါဟုမှတ်တဲ့ မြွေ၏လည်ရေးသုံးရစ်ကို မြင်သကဲ့သို့၊ ရုပ် နာမ်ခန္ဓာ၏ မမြဲသောသဘော၊ ဆင်းရဲမှုသဘော၊ အစိုးမရ အလို မလိုက်တဲ့သဘော၊ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, ဆိုတဲ့ လက္ခဏာရေးသုံးပါးကို မြင်တယ်မှတ်၊ ကြောက်တဲ့အခါ ကဲ့သို့ ဘယ ဉာဏ်မှတ်၊ မတော်တဆ ကိုက်လိုက်မှာပါလားဟု ထင်တဲ့အခါကဲ့သို့ အာဒီနဝမှတ်၊ မြွေကြီးကို ကြာကြာထားလျှင် မကောင်းဘူးထင်တဲ့ အခါကဲ့သို့ နိဗ္ဗိဒမှတ်၊ လွှတ်လိုက်သကဲ့သို့ မုစ္စိတုကမျတာမှတ်၊ မြွေ ကို အားနဲ့အောင်၊ ပြန်မကိုက်နိုင်အောင် လုပ်ပြီးမှ လွှတ်သကဲ့သို့.... လက္ခဏာရေးသုံးပါး ထင်ခြင်းဆိုတဲ့ ပဋိသင်္ခါဉာဏ်မှတ်၊ "လွှတ်လို လှ၍၊ လွှတ်အံ့တံ့၊ ဘာဝနာ လေးဆယ်၊ အကျယ်ဖြန့်ချိ၊ အား တိုက်ဘိ၊ ပဋိသင်္ခါဉာဏ်-''

## သင်္ခါရုပေက္ခာဉာဏ် ဖေါ်ခန်း

တဆင့်တက်ပြန်တော့- သင်္ခါရုပေက္ခာဉာဏ်၊ ခုနင်ကပြော ခဲ့တဲ့ ပဋိသင်္ခါဉာဏ်၊ ရှုဖန်များတော့- တေဘူမ္မက သင်္ခါရတရား တွေဟာ၊ ကျူပြင်လို၊ ကြက်ဆူပင်လို၊ ရေသဖန်းပင်၊ ရေခတက်ပင်

ကြောက်မီးကူပင်၊ ပေါက်ပင်၊ ရေမြှုပ်၊ ရေပွက်တို့လို- အနှစ်ကင်းတဲ့ တရား၊ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရ၊ သုဘသာရ၊ ဓုဝသာရ၊ သဿထသာရ, စသည်တို့မှ ဆိတ်တဲ့ အနတ္တတရား၊ သုညတတရား၊ ဝိပရိဏာမ တရားတွေဘဲလို့ မြင်လာရော။

သည်လို မြင်လာတော့၊ တောဘုမ္မက သင်္ခါရ တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် နှလုံးသွင်း၊ သိမ်းဆည်းတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒီသင်္ခါရ တရားတွေကိုမှပြီး ဘေးဖြစ်ရတယ်၊ ဒင်းကြောင့် ငါဒုက္ခ အမျိုးမျိုးနှင့်တွေ့ရတယ်၊ ဘဝအဆက်ဆက်မှာ သေပြီးရင်း သေသေ လာခဲ့ရ၍၊ သေ၍မဆုံးဖြစ်ရတယ်လို့ ဒီသင်္ခါရတရားတွေကို ဒေါသလဲ မဖြစ်တော့ဘူးတဲ့။

ဒီသင်္ခါရတရားတွေကိုလဲ နှစ်သက်တဲ့ လောဘလဲ မဖြစ်ဘဲ ချစ်ခြင်း၊ မုန်းခြင်းကင်းပျောက်လျက်၊ လျစ်လျူသမှု ဥပေက္ခာပြု တော့တယ်တဲ့၊ ဥပမာဆိုရလျှင်— ယောကျ်ားတယောက်မှာ- အင် မတန်ချစ်တဲ့ မယားတယောက်ရှိတယ်၊ ထိုမယားနှင့် တရက်ကလေး မှမခွဲနိုင်မခွါနိုင်ဘူးတဲ့၊ အခြား တစုံတယောက်သော ယောကျ်ား နှင့်စကားပြောတာတောင် မမြင်ရက်နိုင်ဘူးတဲ့၊ အဲဒီအင်မတန်ချစ်တဲ့ မယား၊ တနေ့တော့လော်မာပြီး အခြားယောကျ်ား တယောက်နှင့် သယောက်မျောက်မထား ဆိုပါတော့၊ ဒီလိုဟာကို လင်ယောကျ်ား ကိုယ်တိုင်မိတဲ့အခါ၊ ထိုနေ့မှစ၍ ငါအင်မတန် ချစ်တဲ့မယား ငါ့ကိုမှ မချစ်ဘဲ ဒီမိန်းမယုတ်ကိုဖြင့်ငါမပေါင်းလိုတော့ပြီ....စွန့်လွှတ်တော့အံ့ ဆိုပြီး ကွာပစ်လိုက်ရော။

နောက်- ထိုကွာပြီးတဲ့ မိန်းမဟာ၊ အခြား ယောကျ်ားနှင့် အတူ တစုံတရာပြုတာ မြင်သော်လဲ၊ ယခင်- ခင်ပွန်း ယောကျ်ားမှာ

ဘယ်လိုမှ နှမျောခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသ၊ ဒေါမနဿ, ဖြစ်ခြင်းမရှိသလို- လျစ်လျူရှုနိုင်သလို ဘဲတဲ့၊ သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ဒါပါဘဲ၊ မြန်မာလို "အားတိုက်ရှု၍၊ လွှတ်မှုလွှတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်" တဲ့။

## အနုလောမဉာဏ်ဖေါ်ခဏ်း

ဒီသင်္ခါရုပေက္ခာ ဉာဏ်ရောက်တဲ့ ယောဂီဟာ အင်မတန်သဒ္ဓါတရား ထက်သန်ခြင်း၊ ၎င်းပြင်-ဝီရိယ၊ သတိ၊ ပညိန္ဒြေ၊ သုခ စသည်တို့၏ ညီညွတ်ခြင်းကြောင့် မီးပွတ်တဲ့ယောကျ်ားလို၊ မီးမပွင့်မခြင်း ထပ်တလဲလဲပွတ်သလို၊ မိမိလေ့လာသောဘာဝနာဥ်ထပ်မနား လေ့လာတော့တယ်တဲ့၊ ဒီလို ထပ်မနား လေ့လာတဲ့ ပုဂ္ဂိုလ်ဟာ မဂ်စိတ်ဖြစ်တော့မယ်ဆိုလျှင်၊ ရုပ်,နာမ်ဓမ္မတို့၏ ခဏမစဲ တသဲသဲ ဖြစ်ပေါ်ပြီး၍၊ ကွယ်ချုပ်ခြင်း၊ အနိစ္စချက်၊ မပြတ်မလပ် ဇရာမရဏာ၏ အနှိပ်စက်ခံရခြင်း ဒုက္ခချက် တို့ကို တရေးရေး မြင်လေလေ၊ ၎င်းတရားတို့မှလွန်မြောက်တဲ့အသင်္ခတ တရား၏ နိစ္စသုခ၏ အဖြစ်ကို သိလေလေ၊ ၎င်းအသင်္ခတဓါတ် နိဗ္ဗာန်သို့အာရုံညွှတ်၍ စိတ်ကိုလွှတ်လေလေဖြစ်တော့ဒါဘဲ။

ဒီလို စိတ်လွှတ်ဖန်များသော့.... ထိုင်ဆဲ အခိုက်အတန့် ထိုင်တယ်, ထိုင်တယ်၊ ထဆဲ အခိုက်အတန့် ထတယ်, ထတယ်၊ စင်္ကြံလျှောက်ဆဲအခိုက်အတန့်၊ စင်္ကြံလျှောက်တယ်, စင်္ကြံလျှောက်တယ် လို့မှတ်-မှတ် သိ-သိနေဆဲ၊ ပစ္စုပ္ပါန်ရုပ်- ပစ္စုပ္ပါန် နာမ်တို့၏ ဖြစ်မှု

ပျက်မှု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စသည်တို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် ပိုင်၍ ဇောစိတ်အစဉ်ဖြစ်ပြီးလျှင် ချုပ်လေတော့တယ်တဲ့။

ပဥ္စမဇောဟာ မဂ်ကိုပြုပြင်တတ်တာမို့ ပရိကံလို့ခေါ်တယ်၊ ဒီပရိကံဇော နောက်ဖြစ်တဲ့ဇောဟာ၊ မဂ်စိတ်နှင့် နီးကပ်ခြင်းကြောင့် ဥပစာရလို့ခေါ်တယ်၊ ဒီဥပစာရဇော၏ အခြားမဲ့မှာ ဖြစ်တဲ့ဇော ဟာ ဗောဓိပက္ခိယတရား ၃၇-ပါးတို့နှင့် လျော်တဲ့အတွက် အနုလုံလို့ ခေါ်တယ်။

ဒီဇောစိတ်အစဉ်ဟာ၊ အနိစ္စစသည်တို့ဖြင့် သင်္ခါရတို့အာရုံ ပြု၍ဖြစ်တဲ့ဉာဏ်မို့၊ ဥဒယဗ္ဗယမှ စ၍ သင်္ခါရုပေက္ခာဉာဏ် တိုင်.... ဝိပဿနာဉာဏ် ရှစ်ပါးတို့၏ မှန်သောကိစ္စ ရှိသည်၏အဖြစ်၊ ဗောဓိ ပက္ခိယတရား ၃၇-ပါးတို့၏ မဖေါက်မပြန် မှန်သောကိစ္စ၊ လျော်သော ကိစ္စရှိသည် ဖြစ်တာမို့၊ အနုလောမဉာဏ်၊ ပဋိပဒါ ဉာဏ ဒဿန၊ ဝိသုဒ္ဓိလို့ခေါ်တယ်တဲ့။

အနုလောမဉာဏ် ဆိုတာက ပါဠိလို၊ မြန်မာလို ပြန်တော့.... "မဂ်ရောက်လိုသော်– အဆော်အနှုုး၊ မဂ်လေးဦးအား၊အထူးလျော် မှု၊ ကျေးဇူးပြု- အနုလောမဉာဏ်" တဲ့ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ က ပါဠိလို၊ မြန်မာလိုပြန်တော့– အကျင့်ဖြစ်သော ဝိပဿနာဉာဏ် ၉-ပါးတို့၏ အမြင်စင်ကြယ်ခြင်းတဲ့။

## ဂေါတြဘူဉာဏ်ဖေါ်ခဏ်း

အဲဒီ အနုလောမဉာဏ်နောက်၊ ဂေါတြဘူဉာဏ် ဖြစ်တယ်၊ ၎င်းဂေါတြဘူ ဉာဏ်ဟာ၊ မဂ်၏ အာဝဇ္ဇန်းအရာ ဖြစ်၍၊ ပဋိပဒါ

ဉာဏဒဿန ဝိသုဒ္ဓိလဲမဆိုနိုင်၊ ဉာဏဒဿန ဝိသုဒ္ဓိလဲ မဆိုနိုင်ဘူးတဲ့၊ ၎င်းဝိသုဒ္ဓိ ဉာဏ်နှစ်ပါး၏ အလယ်မှာ ကျတဲ့ဉာဏ်ဖြစ်နေတယ်၊ မဂ်လေးပါးတို့၌ဖြစ်တဲ့ဉာဏ်သာ ဉာဏဒဿန ဝိသုဒ္ဓိ မည်တယ်တဲ့၊ မဂ်စိတ်မဖြစ်မီ ရှေးအဘို့က၊ ဂေါတြဘူဇောတကြိမ်၊ ဂေါတြဘူ၏ရှေ့က မန္ဒပုဂ္ဂိုလ်ဖြစ်လျှင်၊ ပရိကံ- ဥပစာ- အနုလုံ၊ ကာမဇော သုံးကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင်၊ ဥပစာ-အနုလုံ- ကာမဇောနှစ်ကြိမ် ဖြစ်တယ်တဲ့၊ အနုလုံဉာဏ်ဟာ ကိလေသာ အမိုက်မှောင်ကိုသာ ပယ်ဖျက်နိုင်တယ်၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါ မတတ်နိုင်၊ ဂေါတြဘူ ဉာဏ်က တော့-နိဗ္ဗာန်ကိုသာ အာရုံပြုနိုင်တယ်၊ သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ်တဲ့ ကိလေသာ အမိုက်မှောင်ကို မသတ်နိုင်ဘူးတဲ့။

ဥပမာ ဆိုရလျှင်၊ ယောကျ်ား တယောက်ဟာ လကို ကြည့်ချင်၍ အိမ်ပေါ်မှဆင်းပြီး မိုဃ်းပေါ်မော့ကြည့်၊ ဒီလိုကြည့်တော့- မိုဃ်းတိမ်တွေက လကိုဖုံးလွှမ်းသဖြင့် လကိုမမြင်ရ၊ ကြည့်နေတုန်း လေတိုက်လာ၍၊ ပဌမလေက အင်မတန် မဲနေတဲ့ မိုဃ်းတိမ်တိုက်ကို ဖျက်ပစ်၊ ဒုတိယလေက - အလယ်အလပ်ဖြစ်တဲ့ မိုဃ်းတိမ်တွေကို တိုက်ပစ်၊ တတိယလေက မိုဃ်းတိမ် ပါးပါးကလေးတွေ အကုန်စင်အောင် တိုက်ပစ်လိုက်တော့၊ ထိုမျက်စိ အမြင်ရှိတဲ့လူဟာ- မိုဃ်းပေါ်မှာ ကြည်ကြည်လင်လင် သာနေတဲ့လကိုမြင်ရတယ်တဲ့။

ဥပမာ—ဥပမေယျ ဟတ်ရလျှင်၊ မိုဃ်းတိမ်တိုက်သုံးမျိုးနှင့် အရင့်,အလပ်,အနု့,ဆိုဘဲ့ ကိလေသာ အမိုက်မှောင် သုံးမျိုးနှင့် တူတယ်၊ ပဌမ၊ ဒုတိယ၊ တတိယ သုံးမျိုးသော လေနှင့် အနုလုံစိတ် သုံးမျိုးနှင့်တူတယ်၊ မျက်စိ အမြင်ရှိတဲ့ ယောကျ်ားနှင့် ဂေါတြဘူ

ဉာဏ်တွေ့တယ်လို့မှတ်တဲ့၊ လေတိုက်ပစ်လို့သာ မိုးတိမ်တွေပျောက်တဲ့အတွက်၊ လကိုကောင်းစွာ ထင်ထင်ရှားရှား မြင်ရသလို၊ အနုလုံဆိုတဲ့စိတ်က ကိလေသာတည်း ဟူသော အမိုက်မှောင်ကို ဖျက်ဆီးလိုက်၊ ဒါကြောင့် ဂေါတြဘူ ဉာဏ်၏ နိဗ္ဗာန်ကို မြင်တာဘဲဟုမှတ်ထိုက်တယ်တဲ့။

လေဟာ မိုးတိမ်တိုက်ကိုသာ ပျောက်အောင် တိုက်ဖျက်တတ်တယ်၊ လကိုမြင်ဘို့ သူမတတ်နိုင်၊ ယောကျ်ား ဟာလဲ မိုးတိမ်ကိုမဖျက်နိုင်၊ လကိုမြင်နိုင်တဲ့ မျက်စိသာ ရှိတယ်၊ ထို့အတူအနုလုံဟာ ကိလေသာ အမိုက်မှောင်ကိုသာ ဖျက်ဆီးနိုင်တဲ့ သတ္တိရှိတယ်၊ နိဗ္ဗာန်ကို မြင်ခြင်းငှါ မတတ်နိုင်ဘူးတဲ့။

ဂေါတြဘူဉာဏ်လဲ နိဗ္ဗာန်ကိုသာ မြင်စွမ်းနိုင်တယ်၊ ကိလေသာအမိုက်မှောင်ကို မပယ်မဖျက် နိုင်ဘူးတဲ့၊ ကိလေသာကို မပယ်နိုင်လို့သာ ၎င်းဂေါတြဘူဉာဏ်ကို မဂ်၏အာဝဇ္ဇန်းလို့ ဆိုရတယ်တဲ့။

## မဂ်ဉာဏ်ဖေါ်ခဏ်း

မဂ်ကလဲ ဂေါတြဘူဉာဏ်ကပေးတဲ့ သညာကိုမလွှတ်ဘဲ၊ ဂေါတြဘူလိုဘဲ နိဗ္ဗာန်ကို အာရုံပြုပြီးလျှင်၊ လောဘတရား၊ဒေါသတရား မောဟတရား့တို့ကို ဖေါက်ထွင်း ခွဲစိတ်ရုံမျှမက၊ တခါထဲ အပယ်တံခါးပိတ်ပြီး၊ အင်မတန်အကျိုးများတဲ့ သောတာပတ္တိမဂ်နှင့် ယှဉ်တဲ့ဉာဏ်ဖြစ်တယ်တဲ့။

## ဖိုလ်ဉာဏ်ပေါ်ခဏ်း

ငင်းသောတာပတ္တိမဂ် ဖြစ်ပြီးနောက်၊ မဂ်စိတ်၏ အကျိုးဖြစ်တဲ့ ဖိုလ်စိတ်တို့ဖြစ်တယ်တဲ့။

## ပစ္စဝေက္ခဏာဉာဏ်ပေါ်ခဏ်း

ဖိုလ်စိတ်၏ အဆုံးမှာ ဘဝင်ကျပြီး မဂ်ကိုဆင်ခြင်တဲ့ မနောဒွါရာဝဇ္ဇန်းဖြစ်၊ တဖန်ဘဝင်ကျ၊ နောက်- ဖိုလ်ဆင်ခြင်တဲ့ စိတ်ဖြစ်၊ ဤအာဝဇ္ဇန်းစိတ်တွေ တခုပြီးတခုဖြစ်တဲ့ စိတ်အစဉ်ကို မဂ်ကို ဆင်ခြင်တယ်၊ ဖိုလ်ကိုဆင်ခြင်တယ်၊ ပယ်ပြီးကိလေသာကို ဆင်ခြင်တယ်၊ ကျန်သေးတဲ့ ကိလေသာကို ဆင်ခြင်တယ်၊ နိဗ္ဗာန်ကို ဆင်ခြင်တယ် စသဖြင့် ခေါ်ဝေါ်ရတဲ့ ပစ္စဝေက္ခဏာ ဇောစိတ်အစဉ်လို့ ခေါ်ရတာဘဲတဲ့၊ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်မှာတော့ ဘယ်ကိလေသာ ကျန်သေးတယ်ဟု ဆင်ခြင်ရန်မလိုတော့ဘူးတဲ့၊ "လုံးစုံကိလေ၊ အကုန်ကြွေ၊ ဖြစ်လေရဟန္တာတဲ့"၊ သောတာပန် ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ, တရားတွေ အကြွင်းမရှိ အမြစ်ပါပြတ်တောက်တော့တယ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်လဲကွယ်ပျောက်တော့တာဘဲ၊ အပါယ်ကျစေတတ်တဲ့ ကိလေသာ ကံတို့လဲ ကုန်ခမ်းလေတော့တာဘဲ၊ သုဂတိဘုံမှာ (၇)ဘဝထက်ပိုပြီးဖြစ်မှုမရှိဘူးတဲ့။

"မဂ်ဆိုသည်ကား၊ အစဉ်အား၊ ရငြား သူ့ထုံးစံ" ဆိုတဲ့ အတိုင်း၊ သောတာပန် ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ယခင် ပြောခဲ့သလို.... ဣန္ဒြေ- ဗိုလ်- ဗောဇ္ဈင်စတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါး အတိုင်းပေါင်းစု၍၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရတရားအပေါင်း၏ မမြဲမှု

အနိစ္စ၊ဆင်းရဲအစ်ဒုက္ခ၊ အလိုမလိုက် အစိုးမရမှု အနတ္တ, တရားတွေဘဲဟု လက္ခဏာရေး သုံးပါးထင်၍၊ အကြောင်းသမုဒယ၊ အကျိုးဒုက္ခတရားတို့ကို သုံးသပ်ပြီး၊ နိရောဓသစ္စာ နိဗ္ဗာန်သို့ မိမိ၏စိတ်ကို စေလွှတ်ဖန်များတော့ ဒုတိယအကြိမ် ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် ဉာဏ်မျက်စိအမြင် ပေါက်ပြန်တာပေါ့၊ဒီလိုမြင်တဲ့ဉာဏ်ကို သကဒါဂါမိမဂ်၌ ဖြစ်တဲ့ဉာဏ်လို့ ဆိုတယ်တဲ့၊ ဒီနည်းအတိုင်းဘဲ ထပ်မံ၍ ဆင်ခြင်သုံးသပ်ပါလျှင်၊ အနာဂါမ်ရဟန္တာ စသဖြင့် ဖြစ်လေတော့တာဘဲ။

အရဟတ္တမဂ်- အရဟတ္တဖိုလ်သို့ ရောက်တဲ့အခါ၊ ကိလေသာဟူသမျှအားလုံး အကြွင်းအကျန်မရှိ အားလုံး ကုန်တော့တာဘဲ၊ စုတိအဆုံးမှာ ခန္ဓာတဖန် ပြန်ဖြစ်ရန် မရှိတော့ဘူး၊ ရုပ်,နာမ် ဓမ္မအဆက်ဆက်၏ ဖြစ်ပေါ်မှုတခါထဲ အဆုံး သတ်တော့ တာဘဲတဲ့၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ ဒဲ့ဒီမဂ်လေးပါးဖြစ်တဲ့ဉာဏ်သာ ဉာနဒဿန ဝိသုဒ္ဓိဖြစ်တယ်၊ဉာနဒဿနဝိသုဒ္ဓိဆိုတာ ပါဠိလို၊ မြန်မာလိုပြန်တော့ နိဗ္ဗာန်ကိုသိနိုင်သော မဂ်ဉာဏ်၏ အမြင်ငင်ကြယ်ခြင်းတဲ့။

(၁) မြင်တိုင်း—ကြားတိုင်း—နံ—စားတိုင်း၊ထိတိုင်းခန္ဓာကိုယ်။

(၂) စားမှု—ဝါးမှု- အစုစု- ပြုမှုဒုက္ခပို။

(၃) ဖြစ်ဖြစ်သမျှ၊ ဝဋ်ဒုက္ခ၊ မုချမှတ်စေလို။

(၄) ဒုက္ခချုပ်သိမ်း၊ ကင်းလွှတ်ငြိမ်း၊ ဝဋ်သိမ်းနိဗ္ဗာန်ဆို။

## ပရိနိဗ္ဗာန်ဝင်စံပုံသုံးမျိုး

အရဟတ္တမဂ်- အရဟတ္တဖိုလ်ခဏမှာပင် ကိလေသာ အလုံးစုံ အကုန်လုံး အမြစ်နှင့်တကွ ပယ်သတ်ပြီးလျှင်၊ ရဟန္တာ အဖြစ်သို့ ရောက်ခြင်းကို၊ ကိလေသ ပရိနိဗ္ဗာန်လို့ခေါ်တယ်တဲ့၊ ဒီလို ရဟန္တာ ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ကိလေသာအားလုံး ဘာမှမကျန်အောင် တက်တက် စင် ကင်းငြိမ်းသော်လဲ၊ ရဟန္တာအရှင်မြတ်၏ ခန္ဓာငါးပါး ဆိုတဲ့ ဥပါဒိ ကြွင်းကျန်နေသေး၍သာ "သဥပါဒိသေသ" နိဗ္ဗာန်လို့ခေါ် တယ်တဲ့၊ ကိလေသာပင် ကုန်သော်လည်း ခန္ဓာချုပ်ငြိမ်း ဘဝဇာတ် မသိမ်းသေးဘဲ၊ ရဟန္တာ၏ခန္ဓာကြီး ရှိနေသေးတာကို ခန္ဓပရိနိဗ္ဗာန်လို့ မခေါ်နိုင်သေးဘူးတဲ့၊ ပရိနိဗ္ဗာန် ပြုချိန်တန်၍ ခန္ဓာဝန်ကို စွန့်ပြီး ပရိနိဗ္ဗာန်ပြုသွားတာကိုမှ ခန္ဓပရိနိဗ္ဗာန် ခေါ်တယ်တဲ့။

သည်လို ရဟန္တာအရှင်မြတ်များ ပရိနိဗ္ဗာန် ပြုခြင်းကိုသာ နိဗ္ဗာန်ဝင်တယ်၊ နိဗ္ဗာန်ရတယ်လို့ ခေါ်ကြတာဘဲတဲ့၊ ရဟန္တာ အရှင် မြတ်များဟာ တဏှာသမုဒယလဲ ပယ်သတ်ပြီးဖြစ်လို့ နောက်ထပ် ဇာတိတရားဖြစ်စရာ ကံမရှိတော့ဘူး၊ ဖြစ်ပြီးတဲ့ ခန္ဓာလဲ ကွယ်ပြီဖြစ် လို့ ဥပါဒိမရှိတော့ဘူး၊ ဒါကြောင့် "အနုပါဒိသေသ" နိဗ္ဗာန်လို့ ခေါ်တယ်တဲ့။

ဖြစ်ပေါ်မှုသဘော ဥပါဒ်၊ ဖြစ်ပြီးနောက်ခဏတာကလေးမျှ တည်မှုသဘော- ဌီ၊ ပျက်မှုသဘော- ဘင်၊ ပြုပြင်စီရင်မှု သဘော သင်္ခါရ၊ အကြောင်းနှင့်တကွ ဖြစ်သောသဘောသ ပစ္စယ၊အကြောင်း တရားကိုညီညီညွတ်ညွတ် ပေါင်းဆုံ၍ပြုရသောသဘော သင်္ခတ၊ အဲဒီ ဥပါဒ်-ဌီ-ဘင်-သင်္ခါရသပစ္စယသင်္ခတစတဲ့ သဘောတရားတို့မှလွတ်တဲ့

မဂ်စိတ်၊ ဖိုလ်စိတ်တို့၏ အာရုံဖြစ်တဲ့သဘောတရားဟာ၊ အသင်္ခတဓါတ် နိဗ္ဗာန်ဘဲ၊ နိဗ္ဗာန်ဆိုတာဒါပါဘဲ၊ ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် နှစ်ခုစလုံး တပြိုင်ထဲ ပြတဲ့အကြောင်းတော့ ဝတ္ထုကလေးနှင့် ပြရမှ သာထင်ရှားတယ်။

ယောတိက ရဟန်းတပါးဟာ၊ တရား အားထုတ် လိုက်တာ ဈာန် ၄-ဆင့်ရောက် တိုင်းရောက်တိုင်း ပြန်ပြန်ကျတာ ၆- ကြိမ်တိုင် တိုင် ရှိရောတဲ့၊ ၇-ကြိမ်မြောက် ရောက်တဲ့အခါ သူစဉ်းစားသတဲ့၊ ငါအသက်လဲကြီးပြီ၊ ဈာန် ၄-ဆင့်တိုင်အောင် ရောက်သော်လဲ၊ မဂ် စော် ဖိုလ်စော်မနံ၊ မတော်တဆတရားမရဘဲ၊ ဒီဈာန်က လျှောကျ ပြီးသေသွားမှဖြင့် အပါယ်ကျလျှင် ကိုယ်ကျိုးနဲတော့မယ်၊ ဒီဈာန်ရ နေတဲ့အတွင်း ကိုယ့်ကိုယ်ကို ကိုယ်သတ်သေမှသာ ဈာန်အတွင်းသေ ရလို့ဗြဟ္မာဖြစ်နိုင်မယ်၊ ဗြဟ္မာပြည်ရောက်မှ ဆက်လက် အားထုတ် လို့ရှိလျှင် တမဂ်တဖိုလ်ရနိုင်ရဲ့ဟုအောက်မေ့ပြီးသင်တုံးဓါးနှင့်လည် ပင်းကိုလှီးမယ်လုပ်ထာကို မာရ်နတ်မြင်တော့၊ ဓါးဒါဏ်ရာကြောင့်- ဒုက္ခဆိုတဲ့ မခံသာမှုဝေဒနာတရားတွေ နှလုံးသွင်းမိမှဖြင့်၊ ငါ၏ သုံး ဆယ့်တဘုံထဲက လွတ်ထွက်သွားတော့မှာဘဲ၊ မလွတ်ရလေအောင် မြတ်စွာဘုရားထံသူ၏အကျိုးလိုယောင် ပရိယာယ်ဆောင်၍လျှောက် ထားဦးမှဘဲ အကြံရပြီး၊ ဘုရား ထံတော်ပါးသို့ သွား ရောက်၍ လျှောက်ထားတယ်တဲ့။

ဘယ်လိုလျှောက်ထားသလဲလို့ဆိုလျှင် အရှင်ဘုရား၊ အရှင်ဘု ရား၏ တပည့်သားရဟန်းများဟာ၊ မိမိ၏ကိုယ်ကိုသတ်၍သေကောင်း ပါရဲ့လားတဲ့၊ မသတ်ကောင်းဘူးဆိုတော့- အရှင်ဘုရား၏ တပည့် ယောတိကရဟန်းဟာ၊ ဤကဲ့သို့ မိမိ၏လည်ပင်းကို သင်တုံးဓါးနှင့်

လှီးဘို့ ကြံရွယ်နေပါတယ်။ တားမြစ်ပါဘုရားလို့ လျှောက်တော့။ မြတ်စွာဘုရားဆင်ခြင်လိုက်တဲ့အခါ၊ ၎င်းဃောဓိက, ရဟန်းဟာ.... လည်ပင်းမှာ သင်တုံးဓါးဒါဏ်ရာကြောင့်၊ ဒုက္ခဝေဒနာထင်ပြီး တရား ရ၍ ရဟန္တာဖြစ်ပြီးလျှင်၊ ပရိနိဗ္ဗာန် ပြုမှာဘဲဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော့-မာရ်နတ်ကို ပြန်ပြီးအမိန့်ရှိတယ်တဲ့။ "ဟဲ့-မာရ်နတ်၊ ငါ၏ ချစ်သားရဟန်းမည်သည် မိမိတို့အကျိုးရှိရာ မိမိတို့မြင်၍ လုပ်ထာဘဲ။ ယခု ဃောဓိက ရဟန်းဟာလဲ သင်တုံးဓါး ဒါဏ် ရာ ကြောင့်၊ ဒုက္ခ, ဆိုတဲ့ မခံသာမှုဝေဒနာတရားကို နှလုံးသွင်းဒါနှင့်ဘဲ၊ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုပြီးပြီ။ သင်မဘိုးရိမ်နဲ့ တော့ဟု အမိန့်ရှိလိုက်ရာ၊ ဟယ်- တခါ ကိုယ်ကျိုးနဲ့ပြီ၊ ငါ၏သုံးဆယ့် တဘုံထဲက တယောက် လျော့ သွားတော့တာဘဲ။ မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း ဃောဓိက, ရဟန်း၏ဝိညာဉ်ဟာ ဘယ်ရောက်နေသလဲလို့ သိရအောင် တိမ်ကွန် ချာ ကွန်ယက်ဖြင့် စကြာဝဠာတတိုက်လုံးလွှမ်းမိုး၍ရှာသတဲ့။ ဒီလို လုပ်တော့- တခါထဲ တမိုးလုံး မိုးညှိုးမှောင်ကျသွားဒါလိုဘဲ နေရောင် မရှိဘူးတဲ့။ ဃောဓိကရဟန်း၏ဝိညာဉ်ကိုလဲ ရှာ၍မရဘူးတဲ့။ သည် တော့မှ ငါ့မှာရှုံးပြီ၊ ငါ၏ သုံးဆယ့် တဘုံထဲက တယောက်တော့ လျော့သွားပြန်ပြီဟု ယူကြုံးမရဘူးတဲ့။

အဲဒီဝတ္ထုမှာ - ဆိုလိုရင်းက၊ ကိလေသ နှင့် ခန္ဓ ပရိနိဗ္ဗာန် တကြိမ်ထဲ တခါထဲ ပြုပုံကို မှတ်ဖို့ဘဲတဲ့။

ကဲ—ဒိဋ္ဌိဝိသုဒ္ဓိစခန်း နာမရူပပရိစ္ဆေဒဉာဏ်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်း ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့် တကွ ဝိပဿနာဉာဏ် ဆယ်ပါး၊ ၎င်းပြင် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စ ဝေက္ခဏာဉာဏ်တို့ပါ ဉာဏ်အမြင်ပေါက်ရောက်၍ သစ္စာလေးပါးမြင်ပုံ

နိဗ္ဗာန် မျက်မှောက်ပြုပုံနှင့်တကွ။ ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် ပြုပုံတို့ကို ၁၃၀၇ ခု၊ တပို့တွဲလဆုတ်(၁)ရက်နေ့ညကစ၍ ၎င်းလဆုတ်(၈)ရက်နေ့ညအထိ၊ ရှစ်ညတိုင်တိုင် ဟောပြောဆုံးမပြီးခဲ့ပေပြီ။

ဒီလို....ဟောပြောခဲ့ ပြီးတဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ် အစ၊ ပစ္စဝေက္ခဏာ ဉာဏ်အဆုံးဖြစ်တဲ့ ဉာဏ်စဉ် တဆယ့် ခြောက်ပါးဟာ ဥပမာဆိုရလျှင်....တံခါးဆယ့်ခြောက်ပေါက်ရှိတဲ့ အိမ်အတွင်းမှ လူသည်၊ အိမ်၏ပြင်ဘက် မျက်နှာစာရှိ မြင်လို ကြည့်လိုတဲ့ အရာဌာန များကို ကြည့်လိုတဲ့အခါ၊ တံခါးဖွင့်၍ ကြည့်တဲ့ ပုံပမာ။ ထို့ပြင်-ထိုတံခါး ၁၆–ပေါက်စလုံး တကြိမ်ထဲ ဖွင့်လိုတဲ့အခါ၊ ခလုပ်တခုထဲ နှိပ်ရုံနှင့် တံခါးအားလုံးပွင့်သွားနိုင်အောင် လုပ်ထားသလိုဘဲတဲ့။

ဥပမာ ဥပမေယျ ဟတ်ရလျှင်၊ သတိတရားဟာ ခလုတ်၊ တည်းဟူသော တံခါးစောင့်နှင့်တူတယ်တဲ့။ နာမရူပ ပရိစ္ဆေဒဉာဏ် အစ ပစ္စဝေက္ခဏာဉာဏ်တိုင်အောင်၊ ဉာဏ်စဉ် ၁၆-တန်ဟာ တံခါး ၁၆–ပေါက်နှင့်တူတယ်တဲ့။ အိမ်၏ပြင်ဘက်ရှိ မိမိ အလိုရှိတဲ့ အာရုံဟာ၊ နိဗ္ဗာန်နှင့်တူတယ်တဲ့။

အဲ....မိမိ အလိုရှိကြ တောင့်တ, ကြ တဲ့ ပိုင်ဘက်မရှိ၊ အတုမရှိတဲ့ တရားဖြစ်သော သေခြင်းမှ အမြဲကင်းတဲ့၊ အဲဒီနိဗ္ဗာန်ရွှေပြည် မြတ်ကြီးသို့ မြန်မြန်ကြီး ရောက်ချင် ရချင်ကြတဲ့ပုဂ္ဂိုလ် အားလုံးဟာ တံခါးစောင့် ခလုတ်နှင့်တူတဲ့ သတိတရားကို၊ မမေ့မလျော့ ကြဘဲ။ ယခု ဆရာတော်ဘုရား ဆုံးမဟောကြားတော် မူတဲ့အတိုင်း၊ တံခါး

၁၆-ပေါက်နှင့်တူတဲ့ ဉာဏ်စဉ် ၁၆- တန်ကို ပေါက် ရောက် အောင်၊ တသဝေ မတိမ်း လိုက်နာ ကျင့်ကြံ နှလုံးသွင်း အားထုတ် ကြစေလို ပါကြောင်း။

ဤပဟာစဥ်တရားစာ ရေးရ မြတ်ပုညကြောင့်၊ တဘ၀ နှစ်ဘ၀ထက်မလွန်စေရ၊ မြန်မြန်ကြီး နိဗ္ဗာန်ရောက်ရ၊ မျက်မှောက်ပြုပါရလို၏အရှင်ဘုရား။ ဤကောင်းမှု အဘို့ ဘာဂ ကိုလည်း၊ မြင့်မိုရ်တောင်ဦး မကကြူးသား၊ ကျေးဇူးတော်အရှင် မွေးမိခင်နှင့် ဘခင်တို့အားငင်း၊ ဂုဏ်ကျေးဇူး အထူးတင်ပေး ဘူးသော ဆရာ သခင် ကျေးဇူးရှင်အပေါင်းတို့အားရင်း၊ ပြည့်ရှင်မင်း၊ ယမမင်းမှစ၍ သုံးဆယ့်တဘုံ ကျင်လည်ကြ ကုန်သော သုက္ခိတ- ဒုက္ခိတ, သတ္တဝါအပေါင်းတို့အားငင်း, အမျှပေးဝေပါ၏။ ကျွန်ုပ်နှင့် ထပ်တူ ထပ်မျှရကြ၍၊ ချမ်းသာကြပါစေကုန်သတည်း။

(အမျှ- အမျှ- အမျှ-)

**ဦး စိုး ဆိုင်**

၁၄- မဟာဗေဇျလမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့။
၁၃၀၁ ကဆုန်လဆန်း(၃)ရက်။

သိန်းအေးရှင်
ဆန်းသီရိ စာပုံနှိပ်တိုက် ရန်ကုန်မြို့
ရုံအတွင်း - မြေနီကုန်း

မှတ်ပုံတင်အမှတ် (၀၀၀၄)

ထုတ်ဝေသူ
ဦးသိန်းတင် – (၀၀၀၆)
အမှတ် ၂၆၇-ပြည်လမ်း-ရန်ကုန်မြို့၊

ပုံနှိပ်သူ
ဦးသိန်းတင် - (၀၀၀၅)
သိန်း၊ အေး၊ ရှင် ပုံနှိပ်တိုက် အမှတ် ၂၆၇-ပြည်လမ်း-ရန်ကုန်